ကြေးမုံ
The Mirror
၁၃၆၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၁ ရက်၊ကြာသပတေးနေ့၊ (13-10-2005)(၄၇၄၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စု စိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များအား ကြိုဆိုနှုတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၂

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့် တိုင်းများမှ ပြိုင်ပွဲဝင်များအား ကြိုဆိုနှုတ်ဆက်ပွဲ အခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

အဆိုပါ အခမ်းအနားသို့ တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး နာယကအဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ဦးစီးကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီဝင်များ၊ ဗဟိုအကဲဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ ပညာရှင်ကြီးများနှင့် အကဲဖြတ်ဒိုင်များ၊ ပြည်နယ်နှင့်တိုင်းများမှ ကြီးကြပ်အုပ်ချုပ်သူများ နှင့် ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။

နှုတ်ဆက်

ရှေးဦးစွာ တေရသမအကြိမ်(၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ပြိုင်ပွဲကျင်းပရေးနာယကအဖွဲ့ဝင်များ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌနှင့် ဦးစီးကော်မတီဝင်များနှင့်အတူ တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ ပြည်နယ်နှင့်တိုင်းများမှ ကြီးကြပ်အုပ်ချုပ်သူများနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီးလိုက်လံ နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး ဗဟိုအကဲဖြတ် ပညာရှင်ကြီးများနှင့် ပြည်နယ်နှင့် တိုင်းများမှ ပညာရှင်များ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✧

ကြေးမုံ
The Mirror

ဆောင်းပါး အညွှန်း

▶ *ဂျာနယ်၊ မဂ္ဂဇင်းတချို့ရဲ့ ရေးသားဖော်ပြချက်အချို့အပေါ် ဌာနဆိုင်ရာတွေက၊ ပုဂ္ဂလိကတွေက မကျေနပ်တာရှိရင် အရင်ဆုံး ခေါင်းထိုးခံပြီး ပြေလည်အောင် မဆီမဆိုင်နဲ့ ကြားဝင်ပြီး ဖြေရှင်းပေးနေတာ စာပေစိစစ်ရေးပါ။ ကြီးတဲ့အမှုငယ်အောင်၊ ငယ်တဲ့အမှု ပပျောက်အောင် စာပေစိစစ်ရေးက အမှန်းခံပြီး ကူညီစိစစ်ပေးနေတာပါ။*

အမျိုးသားရေးအကျိုးကို လိုလားသူ မီဒီယာသမားတစ်ဦး၏
"စာပေလောကသားများရဲ့ အမျိုးသားရေးတာဝန် (သို့မဟုတ်) မီဒီယာကို မီဒီယာလက်နက်နဲ့ တုံ့ပြန်"
(ဆောင်းပါး) စာမျက်နှာ-၆

ရင်းရင်းနှီးနှီးနှုတ်ဆက်

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

(13-10)Internet 1 1/1/32, 1:58 PM

ကြေးမုံ The Mirror
၁၃-၁၀-၂၀၀၅
(ကြာသပတေးနေ့)

အရည်အသွေးပြည့်ဝအောင် ပြုစုပျိုးထောင် စည်းကမ်းကျင့်ဝတ်နှင့် စာရိတ္တကောင်းအောင် လေ့ကျင့်သင်ကြား

နိုင်ငံတော်အစိုးရသည် အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းများကို ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် ပညာရေး၌ ပဓာနကျသည့် ဆရာ၊ ဆရာမများ၏ အခန်းကဏ္ဍကိုသာမက မြန်မာ့လူ့ဘောင်အဖွဲ့အစည်းက လက်ခံထားသော ဆရာများ၏ ရှေ့ဆောင်လမ်းပြနိုင်မှု အရည်အသွေးနှင့် ဂုဏ်ဒြပ်တို့ကိုပါ အလေးထားထည့်သွင်း စီမံဆောင်ရွက်လျက်ရှိသည်။

ပညာရေးစွမ်းအားဖြင့် နိုင်ငံတော်ကို မြှင့်တင်တည်ဆောက်နေသည့် ကာလတွင် ပညာရေးကဏ္ဍ၏ ပဓာနအကျဆုံး စွမ်းအားစုကြီးဖြစ်သည့် အခြေခံပညာ ဆရာ၊ ဆရာမများ၏ စိတ်ဓာတ်၊ အရည်အသွေးနှင့် ခွန်အားတို့ ပိုမိုနိုးကြား တက်ကြွလာစေရန် အထူးမွမ်းမံသင်တန်းများ ဖွင့်လှစ်၍ ပို့ချပေးလျက်ရှိသည်။

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂၃) သင်တန်းဆင်းပွဲအခမ်းအနားကို စက်တင်ဘာလ ၃၀ ရက်နေ့က ပြင်ဦးလွင်မြို့နယ်ရှိ ဇဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ရတနာခန်းမ၌ ကျင်းပခဲ့သည်။

မျက်မှောက်ခေတ် ကာလတွင် သိပ္ပံနှင့်နည်းပညာရပ်များ၏တိုးတက်ဖြစ်ထွန်းမှုများသည် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ် ကဏ္ဍအားလုံးကို လွှမ်းမိုးကြီးစိုးလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု၊ ရေရှည်အကျိုးဖြစ်ထွန်းမှုတို့ကို အထောက်အကူဖြစ်စေမည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းများဖြင့် ဖန်တီးဖော်ဆောင်လျက်ရှိသည်။

နိုင်ငံတော်က ပညာသင်ယူမှု အခွင့်အလမ်းတိုးပွားစေရေးအတွက် အခြေခံပညာ ကျောင်းပေါင်း မြောက်မြားစွာကို ဖွင့်လှစ်ပေးထားပြီးဖြစ်သည်။ နိုင်ငံတစ်ဝန်း၌ အခြေခံပညာကျောင်းပေါင်း ၄၀၅၂၅ ကျောင်းကို ဖွင့်လှစ်ပေးထားရာ ပျမ်းမျှအားဖြင့် တစ်မိုင်ခွဲပတ်လည်တွင် အခြေခံပညာကျောင်း တစ်ကျောင်းနှုန်းရှိနေပြီ ဖြစ်သည်။

ယခုအခါ အခြေခံပညာကဏ္ဍ၌ ကျောင်းသူ၊ ကျောင်းသား ခုနစ်သန်းခုနစ်သိန်းကိုးသောင်းကျော် ပညာသင်ကြားလျက်ရှိပြီး ဆရာ၊ ဆရာမ နှစ်သိန်းလေးသောင်းကျော်တို့က စာပေပညာရပ်များ သင်ကြားပို့ချပေးလျက်ရှိသည်။

ယနေ့အချိန်အခါတွင် ပညာရပ်ဆိုင်ရာ၊ နည်းပညာဆိုင်ရာနှင့် အတတ်ပညာဆိုင်ရာတို့၌ အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲလျက်ရှိရာ ဆရာ၊ ဆရာမများကိုယ်တိုင်က အသိအမြင် ဗဟုသုတကြွယ်ဝနေစေရန် အမြဲမပြတ်စူးစမ်းလေ့လာကြပြီး မိမိတို့တပည့်များအား သင်ကြားပို့ချပေးကြရမည်ဖြစ်သည်။

အထူးသဖြင့် ဆရာ၊ ဆရာမများအနေဖြင့် တပည့်ကျောင်းသူ၊ ကျောင်းသားများအား စာပေပညာရပ်များ ပို့ချသင်ကြားပေးရုံမျှမက အလေ့အကျင့်ကောင်း၊ စိတ်ဓာတ်ကောင်းများ စွဲမြဲခိုင်ခံ့လာစေရန် ပြုစုပျိုးထောင် ပေးကြရမည်ဖြစ်သည်။ ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာရေး၊ ကျောင်းစည်းကမ်း၊ ရပ်ရွာစည်းကမ်းများ လေးစားလိုက်နာရေး၊ ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက် အစဉ်အလာများ လေးစားမြတ်နိုးလာရေး လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ်သည်။

ယနေ့ နိုင်ငံတော်အတွက် အရေးအကြီးဆုံး လိုအပ်ချက်သည် အမျိုးသားပညာရည်မြင့်မားပြီး နိုင်ငံသူ၊ နိုင်ငံသား ပြည်သူများ၏အကျိုးကို လိုလားရှေးရှုသည့် တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်တို့ ထက်သန်ခိုင်မာရေးပင်ဖြစ်သည်။

သို့ဖြစ်ရာ ပညာရေးကဏ္ဍမှ ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတော်အတွက် လိုအပ်သည့် ပညာရေးအခြေခံကောင်းများ၊ အရည်အသွေးပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် တပည့်ကျောင်းသူ၊ ကျောင်းသားလူငယ်များအား ဘက်စုံအရည်အသွေးပြည့်ဝလာအောင် ပြုစုပျိုးထောင်ပေးရင်း စည်းကမ်း ကျင့်ဝတ်နှင့် စာရိတ္တကောင်းမွန်စေရေး လေ့ကျင့်သင်ကြားပေးသွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သာရေး/နာရေး ကူညီပံ့ပိုးမှုအသင်း အလှူငွေပေးအပ်ပွဲနှင့် သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၂

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ခေတ္တရာလူငယ်များ၏ သာရေး/နာရေးကူညီပံ့ပိုးမှုအသင်း အလှူငွေပေးအပ်ပွဲနှင့် သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲကို အောက်တိုဘာ ၇ ရက် ည ၇ နာရီက ပြည်မြို့ ပွဲစားလမ်း ထျန်ဟိုကုန်းခန်းမ၌ကျင်းပရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခေတ္တရာလူငယ်များ အသင်းနာယက ဦးသန်းထွန်းဦးက အမှာစကား ပြောကြားပြီး တွဲဖက်အတွင်းရေးမှူး ဦးမျိုးမင်းက အလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာများကို လည်းကောင်း၊လိုင်ဂါတ်လမ်း သာရေး/နာရေး အသင်းဥက္ကဋ္ဌ ဦးကြည်အောင်က အသင်း၏ အဆောက်အအုံနှင့် ပစ္စည်းများ၊ ရန်ပုံငွေများ လှူဒါန်းရခြင်းအကြောင်းများကို လည်းကောင်း အသီးသီး ရှင်းလင်း တင်ပြကြသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် အသင်းနာယက ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများက သွေးလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အလှူရှင်များက အသင်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ လိုင်ဂါတ်လမ်း သာရေး/နာရေးအသင်း အဆောက်အအုံ၊ပစ္စည်းတန်ဖိုးနှင့် ရန်ပုံငွေကျပ်(တစ်သိန်းနှစ်သောင်းအပါအဝင်)ငွေကျပ်၆၅၀၀၀၀၊အသင်း၏နာယကများ ဒုတိယအကြိမ်စုပေါင်းလှူဒါန်းငွေကျပ် ၄၆၅၀၀၀၀၊ ဦးမင်းဟန် မိသားစု(ကျားပုံမကောက်)က ငွေကျပ် ၄၀၀၀၀၀၊ ဦးဝင်းစိန်ကြည်၊ ဦးမြတ်ခိုင် သစ်နှစ်တန်ခွဲ တန်ဖိုးငွေကျပ် ၃၅၀၀၀၀၊ ဦးညွန့်ဝေမိသားစု (ပြည်ရတနာဆီစက်)က ငွေကျပ် ၂၀၀၀၀၀၊ ဦးလှဝင်းဌေး-ဒေါ်ခင်ရူပါ(ဘဝသစ်စာအုပ်ဆိုင်)၊ ရွှေတံချောင်းလမ်းက ငွေကျပ် ၂၀၀၀၀၀၊ ဦးရဲထွင်ဦး(ဗဟိုတရားရုံးချုပ်ရှေ့နေ)-ဒေါ်ရီရီအောင်တို့က ငွေကျပ် ၁၀၀၀၀၀၀၊ သမားတော်ကြီး ဦးမောင်မောင်ခင် မိသားစုကငွေကျပ် ၅၀၀၀၊ ခရစ်ယာန် ယုဝတီအမျိုးသမီးအဖွဲ့က ငွေကျပ် ၅၀၀၀၀၊ ခရစ်ယာန်ဆုတောင်းအဖွဲ့က ငွေကျပ် ၄၀၀၀၀ အပါအဝင် စုစုပေါင်း အလှူငွေကျပ် ၁၄၅၄၀၀၀၀ကိုပေးအပ်လှူဒါန်းကြရာ ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ထို့နောက်အသင်းဥက္ကဋ္ဌ ဦးထွန်းလှအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်နှင့်ငွေပဒေသာပင်များ လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၂

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နိုင်ငံတစ်ဝန်းလုံးရှိ ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိရာ အဆိုပါ စာကြည့်တိုက်များအတွက် စေတနာရှင်၊ အလှူရှင်များက စာအုပ်နှင့်ငွေပဒေသာပင်များကို နေ့စဉ်မပြတ်ပေးပို့ လှူဒါန်းလျက်ရှိကြသည်။

ယင်းသို့ ပေးပို့လှူဒါန်းလျက်ရှိကြရာတွင် ၂၀၀၅ ခုနှစ် အောက်တိုဘာလ ဒုတိယရက်သတ္တပတ်အတွင်း ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)သို့ တိုက်ရိုက်လှူဒါန်းခဲ့ကြသည့် အလှူရှင်များမှာ ဦးသောင်းမြင့် (အင်းစိန်မြို့နယ်)က မုတ်ပုတီး အရုပ်တော်ပုံနှင့်လိမ်လည်နည်းဝတ္ထု ငါးအုပ်၊ ရိုးရာပုံပြင် စာအုပ် ၂၀ နှင့် ငွေကျပ် ၁၂၀၀၀၊ ဦးလှသိန်းနှင့်ဇနီး (ဝေဘာဂီ မြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်)က မဂ္ဂဇင်းစုံနှင့် စာစောင်စုံ ၂၂၈အုပ်၊ ချိုဇော် ဆောက်လုပ်ရေးကုမ္ပဏီက ချစ်လို့ပြောတာမှတ်ပါ စာအုပ် ၂၅၀၊ ဒေါ်မြင့်မြင့်(လသာမြို့နယ်)က မဂ္ဂဇင်းစုံနှင့် ဂျာနယ်စုံ ၂၂၅ အုပ်၊ ဦးသာထွန်း-ဒေါ်တင်မိုးသူ(သား)ဖုန်းမြတ်သာ(မင်္ဂလာတောင်ညွန့်မြို့နယ်)က ဂျာနယ်စုံ ၃၂၈စောင်၊ ဒေါ်မီမီသက်နွယ်(ပြတိုက်မှူး-အမျိုးသားပြတိုက်)က ဂျာနယ်စုံ ၁၈၀၊ ဦးသိန်းဇော်-ဒေါ်မြင့်မြင့်ကြည် (မင်္ဂလာတောင်ညွန့်မြို့နယ်)က ဂျာနယ် ၁၂၅စောင်၊ ဦးဌေးအောင်-ဒေါ်ဌေးဌေးလွင် မိသားစု(ဒဂုံမြို့သစ်-တောင်ပိုင်းမြို့နယ်)က ဘာသာရေးစာစောင် ၁၀၀၊ ဦးသန်းထွန်း(တောင်ဥက္ကလာပမြို့နယ်)က ဂျာနယ်စုံ ၂၈၀နှင့် ငွေကျပ် ၂၀၀၀၊ ဦးသန်းထိုက် မိသားစု (ဒလမြို့နယ်)က မဂ္ဂဇင်းစုံနှင့် ဂျာနယ်စုံ ၁၆၅စောင်၊ ဗိုလ်မှူးကြီးအောင်ကျော်ဦး (အတွင်းရေးမှူး - စက်ရုံကြီးကြပ်ရေးအဖွဲ့ တပ်မတော်ဖိနပ်စက်ရုံ) က သုတစာအုပ် ၈၀၊ ဦးကျွမ်းမိသားစု (တောင်ဥက္ကလာပမြို့နယ်) က သုတစာအုပ် ၈၅ အုပ်နှင့် ငွေကျပ် ၂၀၀၀၊ ဦးကိုကိုနိုင်-ဒေါ်အေးအေးဝင်း (မရမ်းကုန်းမြို့နယ်) က စာစောင်စုံ ၂၀၀၊ ပိုင်ဦးချိုစာပေတိုက် (၂၉-လမ်း၊ ပန်းဘဲတန်းမြို့နယ်)က ဗုဒ္ဓတရားအဆီအနှစ်များ စာအုပ် ၅၀၀နှင့် ဦးစိုင်းဝဏ္ဏာညို (မင်္ဂလာဦးရပ်-တောင်ကြီးမြို့)က ရဲရဲရင်ဆိုင်ဖြတ်သန်း စာအုပ် ၁၇၀ တို့ ဖြစ်သည်။

အဆိုပါ အလှူရှင်များထံ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၏ ကျေးဇူးတင်ဂုဏ်ပြုလွှာများကို ပေးပို့လျက်ရှိကြောင်းနှင့် ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များနှင့် ငွေပဒေသာပင်များကို အမှတ်(၂၂/၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်)သို့ ကိုယ်တိုင်လည်းကောင်း၊ ဖုန်း- ၂၅၂၄၅၈၊ ၃၇၁၃၃၉ နှင့် ၃၇၉၇၆၉ တို့သို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

အင်းစိန် စက်မှုလက်မှုသိပ္ပံ (လျှပ်စစ်ဓာတ်အားပေးရေး အင်ဂျင်နီယာဌာန)မှ အငြိမ်းစား ဆရာကြီးများအား နဝမအကြိမ် အာစရိယပူဇော်ပွဲကို အောက်တိုဘာ ၉ ရက်က တက္ကသိုလ်များဓမ္မာရုံ၌ ပြုလုပ်ရာ ကျောင်းသား ဟောင်းများက ကန်တော့ခံ ဆရာကြီးများအား ဂါရဝပြုလက်ဆောင် ပေးအပ်စဉ်။ (က-ပ)

ကျောက်တံတားမြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့် ပထမတန်းတွင် ပထမဆုရ မောင်ထွန်း ပြည့်စုံအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (က-ပ)

ဆရာဝန်ကြီးများ၏ ကိုယ်ရေးမှတ်တမ်းပေးပို့ရန် နှိုးဆော်

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံ ဆရာဝန်အသင်း (ရန်ကုန်) အမျိုးသမီးဆရာဝန်များအဖွဲ့က ကြီးမှူး၍ မြန်မာနိုင်ငံ၌ တာဝန်ထမ်းဆောင်သွားခဲ့ကြသော ဆရာဝန်ကြီး၊ ဆရာဝန်မကြီးများစာရင်းကို ပြုစုလျက်ရှိရာ ကိုယ်ရေးမှတ်တမ်းမပေးရသေးသည့် ၁၉၃၄ခုနှစ် ဒီဇင်ဘာ၃၁ရက်နှင့် ၎င်းနေ့မတိုင်မီ မွေးဖွားခဲ့ကြသော ဆရာဝန်ကြီး၊ ဆရာဝန်မကြီးများသည် အမှတ်(၂၄၉)သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းသို့ လည်းကောင်း၊ ဒေါက်တာခင်လေးကြီး ဖုန်း- ၆၅၁၁၂၆နှင့် ဒေါက်တာခင်အုန်းလွင် ဖုန်း-၅၄၈၉၃၈ သို့ လည်းကောင်း ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကျောက်မျက်ရတနာပြပွဲ ကြည့်ရှုအားပေး ကျောက်စိမ်းအတွဲများ ဒုတိယနေ့ဆက်လက်ရောင်းချ

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်နှင့် ပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းတို့သည် ယနေ့ညနေ ၄နာရီ ၁၅မိနစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ ဈေးပြိုင်ခန်းမ၌ ကျင်းပလျက်ရှိသော ၂၀၀၅ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ရောက်ရှိလာပြီး ကျောက်စိမ်းအတွဲများ ဈေးပြိုင်စနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးသည်။

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ယမန်နေ့ ညနေ ၃နာရီမှ ည ၁၂နာရီအထိ ကျောက်စိမ်းအတွဲများကိုတင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၅၄၁တွဲကို ရောင်းချခဲ့ရသည်။ ယမန်နေ့ တစ်နေ့တည်းပင် ကျောက်စိမ်း အတွဲပေါင်း ၈၃၀ ရောင်းချခဲ့ရသည်။

၂၀၀၅ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အစီအစဉ်အရ ယနေ့ နံနက် ၈နာရီမှ ညနေ ၃နာရီအထိ ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၂၇၈ တွဲကို ရောင်းချခဲ့ရသည်။ ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ညပိုင်းအထိ ဆက်လက် ရောင်းချလျက်ရှိသည်။

နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ ပြည်ပနိုင်ငံ ၁၃နိုင်ငံမှ ရတနာကုန်သည် ၁၂၃၃ဦးနှင့် ပြည်တွင်းနိုင်ငံသား ရတနာကုန်သည် ၈၁၆ဦး စုစုပေါင်း ရတနာကုန်သည် ၂၀၄၉ ဦး လာရောက်၍ အပြိုင်အဆိုင် ဝယ်ယူလျက်ရှိကြသည်။

ကျန်ရှိသော ကျောက်စိမ်းအတွဲများကို အောက်တိုဘာ ၁၃ရက်တွင် ဈေးပြိုင်စနစ်ဖြင့် တတိယနေ့အဖြစ် ဆက်လက် ရောင်းချသွားမည်ဖြစ်သည်။ (သတင်းစဉ်)



၂၀၀၅ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ၌ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချစဉ်။ (သတင်းစဉ်)

ထိုင်းဘုရင်မင်းမြတ်ထံ သံအမတ်ကြီး ဦးရဲဝင်း ခန့်အပ်လွှာပေးအပ်

ရန်ကုန် အောက်တိုဘာ ၁၃

ထိုင်းနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးရဲဝင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၅ခုနှစ် စက်တင်ဘာ ၂၉ရက်တွင် ဟွာဟင်းမြို့ရှိ ကလိုင်ကမ်ဝမ် နန်းတော်၌ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ် ဘူမိဘောလ်အဒူလျာဒက်(ဂျ်)ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

ရန်ကုန် အောက်တိုဘာ ၁၃

ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးစောလှမင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၀၅ခုနှစ် စက်တင်ဘာ ၃၀ရက်တွင် ပါရီမြို့၌ ပြင်သစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျက်ရှီရပ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ (သတင်းစဉ်)

မဟာဆေးဝက်ဘာကျောင်းတိုက် (၄၇)ကြိမ်မြောက် ပဝါရဏာပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်ရှိ မဟာဆေးဝက်ဘာကျောင်းတိုက် (၄၇)ကြိမ်မြောက် သံဃာ့ပဝါရဏာပွဲ၊ မဟာဆေးဝက်ဘာကျောင်းတိုက် ပဓာန နာယက ဆရာတော် မဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ အဂ္ဂဓမ္မ၏ (၁၄၅၆)ကြိမ်မြောက် သိက္ခာထပ်ပွဲတို့ကို အောက်တိုဘာ ၁၇ ရက် သီတင်းကျွတ်လပြည့်နေ့ ညနေ ၄ နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ သံဃာတော်အပါး ၁၂၀ တို့အား နေ့ဆွမ်းဆက်ကပ်ပြီး သိမ်ဆင်းလောင်းလှူနိုင်ကြောင်း သိရသည်။ (က-ပ)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်အရန်ပစ္စည်းများပြပွဲတွင် ဒုတိယဝန်ကြီးများ၊ စက်မှုပညာရှင်များနှင့် ပုဂ္ဂလိက စက်မှုလုပ်ငန်းရှင်များ ကြည့်ရှုကြစဉ်။ (လယ်/ဆည်)

ကျောင်းဆောင်သစ်နှင့်စာကြည့်တိုက် လှူဒါန်းပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်မြို့နေ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ သီရိသုဓမ္မ မဏိဇောတဓရ သမားတော်ကြီး ဦးဉာဏ်လွင်နှင့် ဇနီး ဒေါ်ငွေငွေ (ရွှေဘုရင် တိုင်းရင်းဆေးဝါးလုပ်ငန်း) မိသားစု၏ ငွေကျပ် ၁၀၃သိန်းကျော်တန် အခြေခံပညာမူလတန်း ကျောင်းဆောင်သစ်နှင့် ငွေကျပ် ၄၆သိန်းတန် ဉာဏ်ငွေရှင် စာပဒေသာ စာကြည့်တိုက်အဆောက်အအုံ၊ ပရိဘောဂနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၉ရက်တွင် ဟသ်ာတမြို့နယ် ပေါက်တန်းလေးကျေးရွာ အခြေခံပညာ မူလတန်းကျောင်းနှင့် စာကြည့်တိုက်တို့၌ ကျင်းပရာ တိုင်းပညာရေးမှူး ဦးမြင့်ဆွေ၊ အလှူရှင် သီရိသုဓမ္မမဏိဇောတဓရ သမားတော်ကြီး ဦးဉာဏ်လွင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးပီတာဒွဲလတို့က ဖဲကြိုးဖြတ်၍ အခြေခံပညာမူလတန်းကျောင်းဆောင်သစ်နှင့် ဉာဏ်ငွေရှင် စာပဒေသာ စာကြည့်တိုက် အဆောက်အအုံတို့ကို ဖွင့်လှစ်ပေးကြသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် အလှူရှင် သီရိသုဓမ္မ မဏိဇောတဓရ ဦးဉာဏ်လွင်က ကျောင်းဆောင်သစ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို ကျောင်းအုပ်ဆရာကြီး ဦးလှမြင့်ထံလည်းကောင်း၊ စာကြည့်တိုက် အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ၊ စာအုပ်စာရင်းများကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစောမောင်ထံလည်းကောင်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် အလှူရှင် ခုနစ်ဦးတို့က ကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်တို့အတွက် စုပေါင်း အလှူငွေကျပ် ၁၆၀၀၀၀ကို တာဝန်ရှိသူများအား ပေးအပ်လှူဒါန်းသည်။ (သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်အရန်ပစ္စည်းများ ပြပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၂

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်အရန်ပစ္စည်းများပြပွဲကို အောက်တိုဘာ ၁၀ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်း (၉)မိုင်ရှိ မြန်မာ့စိုက်ပျိုးမွေးမြူရေး လုပ်ငန်းရုံးချုပ်၌ ကျင်းပသည်။

အဆိုပါစက်အရန်ပစ္စည်းများပြပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဥက္ကဋ္ဌ၊ စက်မှု ပညာရှင်များ၊ စက်မှုဇုန်များမှ ပုဂ္ဂလိကစက်မှုလက်မှု လုပ်ငန်းရှင်များ တက်ရောက်ကြပြီး ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်က အမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများသည် ပြပွဲ၌ ခင်းကျင်းပြသထားသော ဆည်မြောင်းဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၊ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်းနှင့် မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းအောက်ရှိ စက်ရုံအလုပ်ရုံများက ထုတ်လုပ်သည့် စက်အရန်ပစ္စည်းများ၊ စက်ရုံအလုပ်ရုံများက တီထွင်ထုတ်လုပ်သော စက်အရန်ပစ္စည်းများနှင့် ပြည်ပမှတင်သွင်းထားသည့် စက်ပစ္စည်းများ စုစုပေါင်း ၆၀၃မျိုးကို အသေးစိတ် လှည့်လည်ကြည့်ရှုလေ့လာကြပြီး စက်ပစ္စည်းများထုတ်လုပ်မှုနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးကြသည်။

အဆိုပါ စက်အရန်ပစ္စည်းများပြပွဲကို အောက်တိုဘာ ၁၆ရက်အထိ ခင်းကျင်းပြသထားမည် ဖြစ်သည်။ (သတင်းစဉ်)

သဲကုန်း အထက အာစရိယပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၁၂

ပြည်ခရိုင် သဲကုန်းမြို့နယ် အစိုးရအထက်တန်းကျောင်း ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ (၃)ကြိမ်မြောက် အငြိမ်းစားသက်ကြီး ဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့ပွဲကို အောက်တိုဘာ ၁၆ရက် (တနင်္ဂနွေနေ့) တွင် သဲကုန်း အထက ချယ်ရီဆောင်ခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

လှူဒါန်း

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဗိုလ်ချုပ်လမ်း ဒီပါကျော်ဈေး အမှတ် (၁၅/၁၆) နေ နန်းခမ်းတစ် (မန်းမန်းစတိုး) က အထွေထွေ ပဒေသာပင် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁၀-၂၀၀၅ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၁၀	ပရိဘောဂ ထုတ်လုပ်မှုလုပ်ငန်း
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ပြည်တွင်းသတင်းအကျဉ်း
၇း၃၅	(၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားအကြို အားကစားအဖွဲ့ချုပ်များ၏ ပြင်ဆင်မှုများ(ဂူရှူး)
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	မောင်မြန်မာစက်ဘီးစက်ရုံ (ရန်ကုန်)
၈း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	မြန်မာ့ရုပ်ရှင်ထူးချွန်ဆုများအကြောင်း သိကောင်းစရာ
၉း၁၀	မိုးလေဝသခန့်မှန်းချက်
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	ဟင်းသီးဟင်းရွက် စိုက်ပျိုးနည်း
၉း၃၅	ပြည်တွင်းသတင်းအကျဉ်း
၉း၄၀	တေးဂီတအစီအစဉ်
၉း၄၅	လွယ်ကူသက်သာ မြန်မာဟင်းလျာ
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	ကရင်ရိုးရာ ဝတ်စားဆင်ယင်မှု
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	UEFA Stories Best Players (2)
၁၀း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	အမှတ်(၃)သတ္တုတွင်းလုပ်ငန်း (သာစည်ဘရိုက်တီး)
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ဗီယက်နမ်နှင့် ကမ္ဘောဒီးယားခေါင်းဆောင်များ တွေ့ဆုံဆွေးနွေး နှစ်နိုင်ငံ ဆက်ဆံရေးမြှင့်တင်မည့်အစီအစဉ်များ ဆောင်ရွက်မည်

ဟန္နွိုင် အောက်တိုဘာ ၁၁

ဗီယက်နမ်ဝန်ကြီးချုပ် ဖန်ဗန်ခိုင်သည် ၎င်း၏နိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ကမ္ဘောဒီးယားဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် မြို့တော်ဟန္နွိုင်တွင် တနင်္လာနေ့မွန်းလွဲပိုင်းက တွေ့ဆုံဆွေးနွေးသည်။ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားခေါင်းဆောင်များသည် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်နိုင်မည့် အစီအစဉ်များနှင့်ပတ်သက်၍ အလေးအနက်ပြု ဆွေးနွေးကြကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆွေးနွေး

ဗီယက်နမ်-ကမ္ဘောဒီးယား ဆက်ဆံရေးတွင် ထူးခြားအရေးပါသော ဝန်ကြီးချုပ် ဟွန်ဆန်၏ ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အားသစ်လောင်းပေးမည်ဖြစ်ကြောင်း ဗီယက်နမ်ဝန်ကြီးချုပ်ခိုင်က ကမ္ဘောဒီးယားဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးရာတွင် ပြောကြားသည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ်၏ ခရီးစဉ်အတွင်း စီးပွားရေး၊ ကုန်သွယ်ရေး၊ ပညာရေး၊ လေ့ကျင့်သင်ကြားရေးနှင့် ၁၉၈၅ ခုနှစ်တွင် ရရှိခဲ့သော နယ်စပ်ဒေသစာချုပ်တွင် ဖြည့်စွက်ချက် ထည့်သွင်းရေးကိစ္စများကို လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ရသည်။

တနင်္လာနေ့တွင် စတင်သည့် သုံးရက်ကြာ ခရီးစဉ်အတွင်း ဝန်ကြီးချုပ် ဟွန်ဆန်သည် ဗီယက်နမ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး ငွန်ဒတ်မင်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ငုယင်ဝန်အန်းတို့နှင့်လည်း တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

ဝန်ကြီးချုပ် ဟွန်ဆန်သည် ၎င်း၏ တတိယမြောက် ဝန်ကြီးချုပ် ရာထူးသက်တမ်း၌ စတင်တာဝန်ယူသည့် လွန်ခဲ့သည့် ဇူလိုင်လနောက်ပိုင်း ဗီယက်နမ်နိုင်ငံသို့ လာရောက်ခြင်းသည် ပထမဆုံးအကြိမ် ဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

တောင်အမေရိကရှိ ဂွာတီမာလာနိုင်ငံ မာယာအင်ဒီးယန်းရွာတွင် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် မြေပြိုမှုဖြစ်ပွားသဖြင့် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည်ကို အောက်တိုဘာ ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန် တောင်ပိုင်းတွင် ဗုံးဖောက်ခွဲ လူခြောက်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

ကဘူး အောက်တိုဘာ ၁၁

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းရှိ ကန်ဒါဟာပြည်နယ်တွင် အင်အားပြင်းထန်သည့် ပေါက်ကွဲမှုတစ်ခု တနင်္လာနေ့ နံနက်က ဖြစ်ပွားရာ လူခြောက်ဦးသေဆုံးပြီး လူငါးဦး ထိခိုက် ဒဏ်ရာရရှိခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

ယင်းဗုံးပေါက်ကွဲမှုသည် အစိုးရလိုလားသည့် တပ်မှူးဟောင်း အင်္ဂါးရှား၏ရှေ့မှောက်တွင် ဖြစ်ပွားပြီး အင်္ဂါးရှားအပါအဝင် လူခြောက်ဦး သေဆုံးပြီး အခြားငါးဦး ဒဏ်ရာရရှိခဲ့သည်ဟု အထက်တန်းရဲတာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးဖြစ်သူ ဟာကင်ခန်းက ဆင်ဟွာသတင်းဌာနအား ပြောကြားသည်။

ထိခိုက်ဒဏ်ရာရ

ကန်ဒါဟာပြည်နယ်သည် တာလီဘန် ပြောက်ကျားများ၏ ခြေကုပ်စခန်းဟောင်းဖြစ်ခဲ့ပြီး ယင်းပြည်နယ်တွင် လွန်ခဲ့သည့် နှစ်ရက်အတွင်း ဒုတိယအကြိမ် ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်သည်။ ပထမအကြိမ် ဖောက်ခွဲတိုက်ခိုက်မှုသည် မော်တော်ယာဉ်တစ်စီးအား ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ရာ ဗုံးဖောက်ခွဲသူ သေဆုံးခဲ့ပြီး ဗြိတိသျှလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကိုလံဘီယာတွင်ရေလွှမ်းမိုးမှုဖြစ်ပွား လူ၄၁ဦးသေဆုံး၊ ၄၈ဦးဒဏ်ရာရရှိ

ဘိုဂိုတာ အောက်တိုဘာ ၁၂

ကိုလံဘီယာနိုင်ငံတွင် စက်တင်ဘာလကတည်းက မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများနှင့် တောင်ပြိုမှုများ ဖြစ်ပွားလျက်ရှိရာ လူ၄၁ဦးသေဆုံးပြီး ၄၈ဦး ဒဏ်ရာရရှိကာ ၂၄ဦး ပျောက်ဆုံးလျက်ရှိကြောင်း ကိုလံဘီယာအရပ်ဘက် ကာကွယ်ရေးရုံးက အင်္ဂါနေ့တွင် ကြေညာသည်။

စက်တင်ဘာလမှစပြီး မိုးပြင်းထန်စွာ ရွာသွန်းမှုကြောင့် ကိုလံဘီယာနိုင်ငံ၏ ခရိုင် ၃၂ခရိုင်အနက် ၂၁ခရိုင်ရှိ မြို့ပေါင်း ၆၁မြို့တွင် ဘေးအန္တရာယ် ကျရောက်ခဲ့ကြောင်း အရပ်ဘက် ကာကွယ်ရေးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ယူဂီနီယိုအလာကွန်က ပြောကြားသည်။

ကိုလံဘီယာနိုင်ငံ မက်ဒါလီနာခရိုင် မြောက်ပိုင်း အရာကာတာကာမြို့မှာ သဘာဝဘေးအန္တရာယ်ကို အဆိုးရွားဆုံးခံခဲ့ရကြောင်း၎င်းကပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ယူဂန္ဒာ၌ ကျောင်းသုံးပရိဘောဂများ ထောက်ပံ့ရေးစီမံချက် စတင်ဆောင်ရွက်

ကမ်ပါလာ အောက်တိုဘာ ၁၁

အာဖရိကတိုက် အရှေ့ပိုင်း ယူဂန္ဒာနိုင်ငံရှိ ကျောင်းများသို့ အမေရိကန်ဒေါ်လာ ၉ ဒသမ ၈ သန်းရှိ ကျောင်းသုံးပရိဘောဂပစ္စည်းများကို ထောက်ပံ့ရန်အတွက် စီမံချက်တစ်ခုကို အစိုးရက စတင်ဆောင်ရွက်နေသည်ဟု ဒေသဆိုင်ရာ သတင်းဌာနက အောက်တိုဘာ ၁၀ ရက်တွင် ထုတ်လွှင့်ပြောကြားခဲ့သည်။

ကူညီ

အဆိုပါ စီမံချက်အတွက် နယ်သာလန်နိုင်ငံမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၅ သန်း ကူညီပေးပြီး ကျန်ငွေ ၁ ဒသမ ၃ သန်းကို ယူဂန္ဒာအစိုးရက ထည့်ဝင်မည်ဖြစ်သည်။

ဒေသ ၁၀ ခုမှ ကျောင်းပေါင်း ၃၈၀ ကျောင်းကို စာရေးစားပွဲ၊ ကုလားထိုင်နှင့် စားပွဲခုံများကို ပေးဝေမည်ဖြစ်သည်ဟု ယူဂန္ဒာနိုင်ငံ ပညာရေးနှင့် အားကစားဝန်ကြီး ဂျီရယ်ဒင်နာမီရမ်ဘီဟီဝကမာဇီရိက ပြောကြားခဲ့သည်။

မူလတန်းကျောင်းများမှ ဆရာ၊ ဆရာမ ၃၀၄၆ ဦးနှင့် ကျောင်းသား၊ ကျောင်းသူ ၁၆၇၆၄၀ ဦးတို့က အဆိုပါ ကျောင်းသုံးပရိဘောဂများကို သုံးစွဲနိုင်မည်ဟု ၎င်းက ပြောကြားခဲ့သည်။

တိုက်တွန်း

ကျောင်းသားများ၏ အသက်အရွယ် အနေအထားအလိုက် စာရေးစားပွဲများကို ပြုလုပ်ပေးရန် အဆိုပါဝန်ကြီးက တိုက်တွန်းထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တယ်လ်အဖာမြို့၌ ဗုံးပေါက်ကွဲ၊ လူ ၆၀ ကျော်သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၁၂

အီရတ်နိုင်ငံမြောက်ပိုင်း တယ်လ်အဖာမြို့ ဈေးအနီး၌ အောက်တိုဘာ ၁၁ရက်က ကားဗုံးတစ်လုံးပေါက်ကွဲရာ အနည်းဆုံး လူ ၃၀သေဆုံးသွားပြီး အခြား ၃၀ကျော် ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့မှလာသော သတင်းက ဆိုသည်။

အခင်းဖြစ်ပွားရာမြို့သည် ဘဂ္ဂဒက်မြို့တော်၏ မြောက်ဘက် ကီလိုမီတာ၃၉၀အကွာတွင် တည်ရှိသည်။ ထိုဗုံးမှာ အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲသောဗုံးဖြစ်ပြီး နံနက် ၁၁နာရီတွင် ပေါက်ကွဲခဲ့ကြောင်းသိရသည်။

အဆိုပါမြို့၌ပင် အောက်တိုဘာ ၁၂ ရက်ကလည်း ဒုတိယအကြိမ် ဗုံးတစ်လုံးထပ်မံပေါက်ကွဲသည့်အတွက် အနည်းဆုံးလူ ၃၀ သေဆုံးရပြီး ၃၅ဦး ဒဏ်ရာရရှိသွားကြောင်း သတင်းများအရသိရသည်။ ထိုဗုံးဖောက်ခွဲမှုကို ကိုယ်တွင်ခဲယမ်းများ ပတ်လာသူတစ်ဦးက တပ်သားသစ်စုဆောင်းရေး စခန်းတွင်းရှိ လူအုပ်အကြားဝင်၍ ပြုလုပ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

အမေရိကန်တို့သည် တယ်လ်အဖာမြို့နှင့် ပတ်ဝန်းကျင်ဒေသကို ခုခံဆန့်ကျင်ရေးသမား ခိုအောင်းရာဒေသအဖြစ် ယူဆထားကြပြီး ကန်တပ်ဖွဲ့ဝင်များက အကြိမ်ကြိမ် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ယခုအောက်တိုဘာလအတွင်း အီရတ်တွင် တိုက်ခိုက်မှုများပြင်းထန်လာလျက်ရှိပြီး ထိုဖြစ်ရပ်များသည် နိုင်ငံကို ပြိုကွဲစေမည့် အခြေအနေသို့ ဦးတည်စေကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်မြို့တော်တွင် ကားဗုံးဖောက်ခွဲ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၁၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်ရှိ အစိမ်းရောင်ဒေသအပြင်ဘက် စစ်ဆေးရေးဂိတ်အနီးတွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်းဖြင့် အမေရိကန်စစ်ဘက်က တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

ကြေညာ

သေဆုံးသူမှာ ဘဂ္ဂဒက် အထူးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည်။ အစိမ်းရောင်ဒေသအနီးရှိ စစ်ဆေးရေးဂိတ်အပြင်ဘက်တွင် ဗုံးဖောက်ခွဲသူတစ်ဦးက ကားဗုံးဖောက်ခွဲခဲ့ရာ ၎င်းတပ်ဖွဲ့ဝင်သည် အောက်တိုဘာ ၁၀ ရက်က သေဆုံးခဲ့ခြင်းဖြစ်သည်ဟု စစ်ဘက်ကထုတ်ပြန်သည့် ကြေညာချက်တွင် ပါရှိသည်။ သေဆုံးသူ၏ဖြစ်ရပ်အား ၎င်း၏ဆွေမျိုးသားခြင်းများထံ အကြောင်းကြားဆဲဖြစ်၍ ၎င်း၏နာမည်အား ထုတ်ဖော်ပြောကြားမှုမရှိသေးဟု ကြေညာချက်အရ သိရှိရသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက်၌ဗုံးပေါက်ကွဲ ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၁၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်တွင် ကားဗုံးဖောက်ခွဲမှု သီးခြားနှစ်နေရာတွင် တနင်္လာနေ့ကဖြစ်ပွားခဲ့ရာ ရဲလက်ရွေးစင်တိုက်ခိုက်ရေးအဖွဲ့ဝင် သုံးဦးသေဆုံးခဲ့ပြီး အခြားလူကိုးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော် တောင်ပိုင်း ဟေအယ်လ်အမ်မီ ရဲဌာနအနီး ရဲလှည့်ကင်းနှင့် မလှမ်းမကမ်းနေရာတွင် ဖောက်ခွဲသူက ကားဗုံးဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ရာ ရဲတပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိခဲ့သည်ဟု အထက်ပါသတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနကို ပြောကြားသည်။

ဘဂ္ဂဒက်မြို့တော် မြို့လယ်ရှိ အကာအရံထူထပ်စွာချထားသည့် အစိမ်းရောင်ဒေသဝင်ပေါက်အနီး စစ်ဆေးရေးဂိတ်ကို ဒုတိယအကြိမ်အဖြစ် ကားဗုံးဖောက်ခွဲသူက ဖောက်ခွဲရေးပစ္စည်း အပြည့်အသိပ် တင်ဆောင်လာသည့် မော်တော်ယာဉ်ဖြင့်တိုက်ကာ ဖောက်ခွဲပစ်ခဲ့ခြင်းဖြစ်ရာ ရဲလက်ရွေးစင် တိုက်ခိုက်ရေးအဖွဲ့ဝင် သုံးဦးသေဆုံးပြီး အရပ်သားငါးဦး ဒဏ်ရာရရှိခဲ့သည်ဟု သတင်းရပ်ကွက်က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတကာသတင်းများ

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ တစ်နေရာတွင် လုံခြုံရေးဆောင်ရွက်နေသော ကန်ဟမ်းဗီးယာဉ် တစ်စီးကို အောက်တိုဘာ ၁၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပေါ်တူဂီနိုင်ငံအနီး ဗင့်စ်အပူပိုင်းမုန်တိုင်းဖြစ်ပေါ်

မီယာမီ အောက်တိုဘာ ၁၁

ဗင့်စ်အပူပိုင်းမုန်တိုင်းသည် မုန်တိုင်းဖြစ်နေကျနေရာမဟုတ်သော ပေါ်တူဂီနိုင်ငံ မာဒီရာကျွန်းအနီးတွင် တနင်္ဂနွေနေ့က ဖြစ်ပေါ်ခဲ့ကြောင်း ရိုက်တာသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဗင့်စ်အပူပိုင်းမုန်တိုင်းသည် မာဒီရာကျွန်း၏ အနောက်မြောက်ဘက် မိုင် ၁၄၀ အကွာ၌ ဂရင်းနစ် စံတော်ချိန် ၁၅:၀၀ နာရီတွင် ဖြစ်ပေါ်လျက်ရှိပြီး လေတိုက်ခတ်နှုန်းမှာ တစ်နာရီလျှင် မိုင် ၅၀ နှုန်းရှိကြောင်း၊ တစ်နာရီလျှင် ငါးမိုင်နှုန်းဖြင့် အရှေ့မြောက်ဘက်သို့ ဦးတည် ရွေ့လျားလျက်ရှိကြောင်း အမေရိကန် ပြည်ထောင်စု အမျိုးသား ဟာရီကိန်းဌာနက ကြေညာသည်။

မုန်တိုင်းသည် ပေါ်တူဂီနိုင်ငံဘက်သို့ ရွေ့လျားဖွယ်ရှိပြီး ဟာရီကိန်းမုန်တိုင်းအဆင့်သို့ ရောက်သည်အထိ အားကောင်းလာနိုင်ခြင်းမရှိဟု မျှော်လင့်ရသည်။

အမ်အင်အေ၊ ရိုက်တာ။

တရုတ်နှင့်တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ကူညီမည်ဟု နိုမူဟွန်း ပြောကြား

ဆိုးလ် အောက်တိုဘာ ၁၁

တရုတ်နှင့် တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်စေရေးအတွက် မိမိ၏အစိုးရအဖွဲ့က ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတ နိုမူဟွန်းက တနင်္လာနေ့တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံ မြို့တော် ဆိုးလ်တွင် တနင်္လာနေ့က ဖွင့်လှစ်လိုက်သော အဋ္ဌမအကြိမ် ကမ္ဘာ့တရုတ်စီးပွားရေးလုပ်ငန်းရှင်များ ညီလာခံတွင် အဖွင့်မိန့်ခွန်းပြောကြားရာ၌ သမ္မတနိုမူဟွန်းက ဖော်ပြသည်။

ဖွံ့ဖြိုးတိုးတက်

တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့သည် ၁၉၉၂ ခုနှစ်တွင် သံတမန်ဆက်ဆံရေး ထူထောင်လိုက်ချိန်မှစ၍ နှစ်နိုင်ငံ ကုန်သွယ်ရေး ဆက်ဆံမှု ဖွံ့ဖြိုးတိုးတက်လာကြောင်း၊ နှစ်နိုင်ငံ အပြန်အလှန် ကုန်သွယ်မှုသည် ၁၂ ဆအထိ တိုးတက်လာခဲ့ပြီး တရုတ်နိုင်ငံသည် ယခုအခါ တောင်ကိုရီးယားနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံဖြစ်ကြောင်းသမ္မတနိုမူဟွန်းကပြောကြားသည်။

ဆက်ဆံမှု

ပင်လယ်ရပ်ခြား နိုင်ငံများသို့ ရောက်ရှိနေသော တရုတ်စီးပွားရေးလုပ်ငန်းရှင်များနှင့် တောင်ကိုရီးယား စီးပွားရေးလုပ်ငန်းရှင်များ၏ အပြန်အလှန် ဆက်ဆံမှုမှာလည်း တိုးတက်လာကြောင်း ၎င်းက ပြောကြားသည်။

သိသိသာသာရရှိ

တောင်ကိုရီးယားနိုင်ငံရှိ မော်တော်ယာဉ်ထုတ်လုပ်ရေးလုပ်ငန်း၊ သင်္ဘောတည်ဆောက်ရေးလုပ်ငန်းနှင့် သံမဏိထုတ်လုပ်ရေး လုပ်ငန်းတို့သည် ကမ္ဘာ့ဈေးကွက်တွင် ပိုမိုယှဉ်ပြိုင်လုပ်ကိုင်လာနိုင်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၏ သတင်းအချက်အလက်နည်းပညာနှင့် ဇီဝနည်းပညာ ကဏ္ဍတို့မှာလည်း တိုးတက်အောင်မြင်မှုများကို သိသိသာသာ ရရှိလာကြောင်း တောင်ကိုရီးယားသမ္မတက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။



လူမှောင်ခိုမှုနှင့် ဆက်စပ်နေသော ပြစ်မှုအတွက် လန်ဒန်မြို့ အရှေ့တောင်ပိုင်းအရပ်မှ လူတစ်ဦးအား ဗြိတိသျှရဲများက ဖမ်းဆီးသွားသည်ကို အောက်တိုဘာ ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မြို့တော်မနီလာတွင် ဗုံးဖောက်ခွဲရန် ကြံစည်နေသည်ဟုဆို အကြမ်းဖက်မှု မပြုလုပ်နိုင်ရေး တားဆီးကာကွယ်

မနီလာ အောက်တိုဘာ ၁၁

အဘူဆေယက်နှင့် ဂျမားအစ္စလမ်မီးယားအုပ်စုနှစ်စုဖြင့် ဖွဲ့စည်းထားသည့် အနည်းဆုံးအားဖြင့် အကြမ်းဖက်ကလာပ်စည်းနှစ်ခုပါဝင်သည့် အုပ်စုတစ်ခုသည် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်တွင် ဗုံးဖောက်ခွဲရန် လောလောဆယ် ကြံစည်နေကြောင်းဖြင့် ဖိလစ်ပိုင်စစ်ဘက်က တနင်္လာနေ့တွင် ပြောကြားသည်။

ကြိုးပမ်းအားထုတ်

ဖိလစ်ပိုင်စစ်ဘက်ထောက်လှမ်းရေးဌာနက ၎င်းကလာပ်စည်းများ၏ အကြံအစည်များ ပျက်ပြယ်သွားစေရေးအတွက် ကြိုးပမ်းအားထုတ်နေကြသည်ဟု လက်နက်ကိုင်တပ်ဖွဲ့ ပြည်သူ့ပြန်ကြားရေးရုံး အကြီးအကဲဖြစ်သူ ဒုတိယဗိုလ်မှူးကြီး ပတ်စကျူရယ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မြို့တော်တွင် ဗုံးဖောက်ခွဲရန်ကြံစည်မှုနှင့်ပတ်သက်၍ မေးမြန်းရာ ၎င်းက ယင်းကိစ္စသည် အကြမ်းဖက်ကလာပ်စည်းများ၏ ရည်ရွယ်ချက်ဖြစ်ပြီး မိမိတို့အနေဖြင့် ယင်းသို့ဗုံးဖောက်ခွဲခြင်း မပြုနိုင်စေရန် နောက်ယောင်ခံ ရှာဖွေရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းအကြမ်းဖက်ကလာပ်စည်းများတွင် ပါဝင်သူများမှာ အင်ဒိုနီးရှားနိုင်ငံသားများဖြစ်ဖို့များသည်ဟု ၎င်းက ပြောကြားသည်။

အင်ဒိုနီးရှားအခြေစိုက်အရှေ့တောင်အာရှအကြမ်းဖက် ကွန်ရက်သည် အယ်လ်ခိုင်ဒါ အကြမ်းဖက်အုပ်စုနှင့် ဆက်နွှယ်နေသည်ဟုအများကသံသယမကင်း ဖြစ်နေကြပြီး ဘာလီကျွန်းတွင်ဖြစ်ပွားခဲ့သည့် ဗုံးဖောက်ခွဲမှုများတွင်လည်း ၎င်းတို့၏ လက်ရာမကင်းဟု ယူဆထားကြသည်။

ကြံစည်

မင်ဒါနာအိုကျွန်းနှင့် မနီလာမြို့တော်တွင် ဂျမားအစ္စလမ်မီးယား အဖွဲ့ဝင် ၃၀ ကျော် လှုပ်ရှားနေကြပြီး အဘူဆေယက် အကြမ်းဖက်သမားများနှင့် ပူးပေါင်း ကာဗုံးဖောက်ခွဲ တိုက်ခိုက်မှုများ ပြုလုပ်ရန် ကြံစည်နေကြသည်ဟု ဖိလစ်ပိုင်စစ်ဘက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားတွင် ကြက်၊ ငှက် တုပ်ကွေးရောဂါ လူတစ်ဦးကို ထပ်မံကူးစက်

ဂျကာတာ အောက်တိုဘာ ၁၁

အင်ဒိုနီးရှားနိုင်ငံတွင် ကြက်၊ ငှက် တုပ်ကွေးရောဂါကူးစက်ခံရသူ တစ်ဦး ထပ်မံတိုးလာပြီဖြစ်ကြောင်းဟောင်ကောင်တွင်ရှိသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိပ်ချ်အို)ဓာတ်ခွဲ စမ်းသပ်စစ်ဆေးချက်များအရ သိရကြောင်း၊ အဆိုပါလူနာ၏တူတော်စပ်သူ အသက်လေးနှစ်ရှိ ကလေးတစ်ဦးမှာလည်း ကြက်၊ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုးရှိသည်ဟု ဒေသဆိုင်ရာ ဓာတ်ခွဲစမ်းသပ်ချက်များအရ သိရှိကြောင်း တာဝန်ရှိသူတစ်ဦးက အောက်တိုဘာ ၁၀ ရက်တွင် ပြောကြားခဲ့သည်။

စစ်ဆေးအတည်ပြု

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စစ်ဆေးအတည်ပြုချက်များအရ အင်ဒိုနီးရှားနိုင်ငံတွင် အိပ်ချ် ၅ အင် ၁ ဗိုင်းရပ်စ်ပိုးရှိသူသည် စုစုပေါင်းငါးဦးရှိကြောင်း၊ အဆိုပါ ရောဂါပထမဆုံး ဖြစ်ပွားသူလေးဦးသည်တန်ဒမ်ဒေသတွင် သေဆုံးသွားခဲ့ကြကြောင်း အင်ဒိုနီးရှားနိုင်ငံ ကျန်းမာရေးဌာန၏ ရောဂါထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ကျန်းမာရေးဌာန ညွှန်ကြားရေးမှူး အိုင်ညီမန်ခန်ဒွန်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ကုသခံယူ

အဆိုပါ ရောဂါသည့်ဦးရေ ထပ်မံ၍ တိုးလာသူသည် အသက် ၂၁ နှစ်အရွယ်ရှိပြီး လမ်ပွန်ပြည်နယ်မှဖြစ်သည်။ ၎င်းသည် အက်ဒိုလ်မိုလူ့စ်ဆေးရုံတွင် ဆေးဝါးကုသခံယူလျက်ရှိသည်။၎င်း၏ သွေး နမူနာကို ဟောင်ကောင်ရှိ ဒဗလျူအိပ် ချ်အိုဓာတ်ခွဲစမ်းသပ်ခန်းသို့ အင်ဒိုနီးရှား ကျန်းမာရေးဌာနက ပေးပို့ထားသည်ဟု ခန်ဒွန်က ပြောကြားသည်။

ဟောင်ကောင်ဓာတ်ခွဲစမ်းသပ်စစ်ဆေးချက်များအရ ၎င်းတွင်အဆိုပါရောဂါပိုးရှိကြောင်း အတည်ပြုခဲ့သည်ဟု ခန်ဒွန်က ဆိုသည်။

၎င်းနှင့် တူတော်သူကလေး၏ သွေးနမူနာကိုလည်း ဟောင်ကောင်သို့ ပေးပို့ထားရာ အဖြေလွှာကို စောင့်ဆိုင်းနေကြောင်း၊ အကယ်၍ ဒေသဆိုင်ရာ စစ်ဆေး ချက်တွင် ရောဂါပိုးရှိသည်ဟု သိရှိရလျှင် ဟောင်ကောင် ဓာတ်ခွဲစမ်းသပ်ချက်၏အဖြေလွှာနှင့်အများဆုံး တူညီသည်ဟုပြောကြားခဲ့သည်။အကယ်၍ ဒဗလျူအိပ်ချ်အို၏ စစ်ဆေးချက် အဖြေလွှာတွင် ရောဂါပိုးရှိသည်ဟု ဖော်ပြလျှင် ရောဂါရှိ စာရင်းတွင် ထပ်မံ၍ တိုးလာနိုင်ဖွယ် ရှိကြောင်း ညွှန်ကြားရေးမှူးက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံခြားငွေ တရားမဝင် ရောင်းဝယ်မှု ဇင်ဘာဘွေ တိုက်ဖျက်

ဟာရာရေး အောက်တိုဘာ ၁၁

ဇမ်ဘာဘွေနိုင်ငံ ဟာရာရေးမြို့၌ တရားမဝင်ငွေကြေး ဈေးကွက်များကို အပြိုင်အဆိုင် လုပ်ကိုင်နေသော နေရာတွင် နိုင်ငံခြားငွေကြေး မှောင်ခိုလဲလှယ်သူ ၁၃၄ဦးကို ဇင်ဘာဘွေရဲတပ်ဖွဲ့ဝင်များက လွန်ခဲ့သောရက်အနည်းငယ်က ဖမ်းဆီးခဲ့သည်။

ရေးသား

နိုင်ငံခြားငွေကြေး တရားမဝင် မှောင်ခိုရောင်းဝယ်သူများကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ဟာရာရေးပြည်နယ် ထောက်လှမ်းရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ လပ်လက်စ်ရူပီရီ၏ ပြောကြားချက်ကိုကိုးကား၍ ဆန်းဒေးမေးလ် သတင်းစာက ရေးသားဖော်ပြထားသည်။

တရားမဝင်

နိုင်ငံခြားငွေကြေးတရားမဝင် ရောင်းဝယ်သူများကို ရဲတပ်ဖွဲ့က နေ့စဉ် ဖမ်းဆီးသွားမည်ဖြစ်ကြောင်း၊ဆက်လက်၍လည်း အဆိုပါ တရားမဝင်လုပ်ငန်း ပပျောက်အောင် ရေရှည်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ယခုအချိန်ထိ တရားမဝင် ငွေကြေး မှောင်ခိုလုပ်ကိုင်မှုတွင် ဖမ်းဆီးရမိထားသူပေါင်း ၁၃၄ ဦးရှိကြောင်း အတည်ပြုပြောကြားနိုင်သည်ဟု ၎င်းက ပြောကြားခဲ့သည်။

ဟာရာရေးမြို့တစ်ဝိုက်ရှိ ရုံးခန်းများတွင်လည်း ထိုတရားမဝင် ငွေကြေး လဲလှယ်ရေးလုပ်ငန်းကို လုပ်ဆောင်လျက်ရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ပါကစ္စတန်နိုင်ငံမြောက်ပိုင်း ကက်ရှ်မီးယားဒေသမှ မြေငလျင်ဘေးဒုက္ခသည်များ ကွင်းပြင်တွင် နေထိုင်ရင်း အကူအညီများ စောင့်မျှော်နေကြသည်ကို အောက်တိုဘာ ၁၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ငလျင်ဒဏ်ခံခဲ့ရသည့် ကက်ရှ်မီးယားတောင်ကြားဒေသတွင် စားနပ်ရိက္ခာနှင့်ရေများ လေကြောင်းမှ ချပေးလျက်ရှိ

ဆရင်နဂါး အောက်တိုဘာ ၁၁

ကက်ရှ်မီးယားတောင်ကြားဒေသတွင် ငလျင်ပြင်းထန်စွာလှုပ်ခဲ့မှုကြောင့် သေဆုံးသူ အရေအတွက် ၁၀၀၀ ခန့်ရှိနေစဉ် အိန္ဒိယနိုင်ငံ မြောက်ပိုင်းရှိ ဂျမ္မူးနှင့် ကက်ရှ်မီးယားဒေသတွင် ကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်မြှင့်ဆောင်ရွက်နေပြီဖြစ်သည်။ စားနပ်ရိက္ခာနှင့်ရေများကို တောင်တန်းတစ်လျှောက် သွားလာရေးခက်ခဲသည့် ဝေးလံခေါင်သီသော ကျေးရွာများအား လေကြောင်းမှ ချပေးလျက်ရှိကြောင်း ပီတီအိုင်သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ငလျင်လှုပ်မှု အကြီးအကျယ်ခံခဲ့ရသည့် ကပ်ဝါရာနှင့် ဘာရာမူလာခရိုင်များတွင် ရဟတ်ယာဉ်များက လေကြောင်းမှစားနပ်ရိက္ခာထုပ်များနှင့်ရေပုလင်းများ ချပေးလျက်ရှိသည်ဟု ပြည်နယ်အကြီးအကဲ ဗီဂျေဘာကာယာက ပြောကြားသည်။

ယူရီနှင့် တန်ဟာဒေသများတွင် တဲ ၁၉၀၀ ကျော်ပါဝင်သည့် စခန်းဆောက်လုပ်ထားသည်။ ယင်းနေရာသည် ငလျင်ဗဟိုချက်နှင့် နီးကပ်ရာနေရာဖြစ်၍ လူဥစ္စာပစ္စည်းဆုံးရှုံးမှုများခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းသည် ကက်ရှ်မီးယားဒေသသို့ အင်္ဂါနေ့တွင် ခရီးထွက်မည်ဖြစ်သည်။

ငလျင်ဒဏ်ခံခဲ့ရသည့် ဒေသများသို့ ရေဖြည့်ဆည်းပေးမှုမှာ ရေသယ်ယာဉ်များ ရှားပါးမှုကြောင့် ပြဿနာဖြစ်လျက်ရှိသည်ဟု ဘာကာယာကဝန်ခံပြောကြားသည်။ ခရီးသွားလာရန် ခက်ခဲသည့်ဒေသများသို့ ရောက်ရှိနိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်းလျက်ရှိသည်ဟု ၎င်းကပြောကြားပြီး လေတပ်က စားနပ်ရိက္ခာနှင့်ရေများ ပုံမှန်တနင်္လာနေ့မှစ၍ လေကြောင်းမှ ချပေးသွားမည်ဟု ဆက်လက်ပြောကြားသည်။

ငလျင်လှုပ်ပြီး တတိယနေ့ရောက်သည်အထိ တန်ဟာဒေသရှိ ကျေးရွာ ၁၄ ရွာတွင် ခရီးသွားလာနိုင်ခြင်းမရှိဟု ၎င်းကဝန်ခံပြောကြားသည်။

ယူရီနှင့် တန်ဟာဒေသရှိ ငလျင်ဒဏ်ခံခဲ့ရသည့် ဒေသများတွင် လျှပ်စစ်ဓာတ်အားပေးရန်အတွက် မီးပေးကိရိယာများ ပေးပို့ထားကြောင်း ဘာကာယာက ထပ်လောင်းပြောကြားသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

စာပေလောကသားများရဲ့ အမျိုးသားရေးတာဝန် (သို့မဟုတ်) မီဒီယာကို မီဒီယာလက်နက်နဲ့ တုံ့ပြန်

အမျိုးသားရေးအကျိုးကို လိုလားသူ မီဒီယာသမားတစ်ဦး

ပြီးခဲ့တဲ့ရက်ပိုင်းက ထွက်လာတဲ့ ဂျာနယ်တွေမှာ ထူးထူးခြားခြား ဆောင်းပါးနှစ်ပုဒ် ဖတ်လိုက်ရတယ်။ ပြည်ပအသံလွှင့်ဌာနတွေနဲ့ ပါဝင် ပတ်သက်ပြီး မြန်မာစာပေလောကကို အခြေအနေရှုပ်ထွေးအောင် တမင် လုပ်ကြံ လီဆယ်ဖန်တီးနေတဲ့သူတွေနဲ့ ပတ်သက်လို့ ဖွင့်ချထားတဲ့ ဆောင်းပါးနှစ်ပုဒ်ဖြစ်တာကြောင့် ထူးခြားတယ်လို့ဆိုရမှာ ဖြစ်တယ်။ ဒါဟာ ယနေ့ မြန်မာနိုင်ငံ စာပေလောကသားတွေအားလုံး လက်ကိုင်ထား ကျင့်သုံးအပ်တဲ့ မီဒီယာကို မီဒီယာလက်နက်နဲ့ တုံ့ပြန်ချေဖျက်ရမယ် ဆိုတာမျိုးပါပဲ။ တကယ်ဆိုရင် အဲသည့် ဆောင်းပါးမျိုးတွေဟာ အမျိုးသားရေးစိတ်ရှိတဲ့ သူတွေအနေနဲ့ ကိုယ့်အသိစိတ်၊ ကိုယ့်အစီအစဉ်နဲ့ကိုယ် လက်တုံ့ပြန်ရေးကြဖို့တောင် ကောင်းတဲ့အကြောင်းအရာတွေပါ။ ဘယ်သူဘယ်ဝါရဲ့ တိုက်တွန်းမှုကိုမျှ စောင့်မနေဘဲ ကိုယ်တိုင်ထရေးကြဖို့ ကောင်းတာမျိုးပါ။ အခွင့်အရေးကျရင် ရှေ့ဆုံးက လိုချင်ပြီး အမျိုးသားရေးနဲ့ပတ်သက်ရင် လက်နှေးနေကြ၊ နှာစေးနေကြတဲ့ သူတွေအနေနဲ့လည်း ပြည်ပအသံလွှင့်ဌာနကနေ ကိုယ့်ပြည်တွင်းမှ ကိုယ့်မြန်မာစာပေလောကအရေး ရှုပ်ထွေးအောင် ခလောက်ဆန်နေတဲ့အပေါ် သည်အတိုင်း ကြည့်နေရမယ့်အချိန် မဟုတ်တော့ပါဘူး။ အများဆိုတာ ကြာရင် အမှန်ဖြစ်သွားတတ်တယ် မဟုတ်လား။ ဒါကြောင့် အရှိကို အရှိအတိုင်း တုံ့ပြန်ကြရမှာက အမျိုးသားရေးစိတ်ရှိသူ တစ်ဦးချင်းစီရဲ့ တာဝန်ပဲဖြစ်တယ်။

တလောလေးကပဲကြည့်၊ ပြည်ပအသံလွှင့်ဌာနကနေ 'ကိုဂျေ'ဆိုတဲ့ လူက မြန်မာစာပေလောကအရေး ရှုပ်ထွေးအောင် ကတိုးကတိုက် လုပ်လာပြန်တယ်။ တကယ်တော့ ကိုဂျေဆိုတာ အားကစားဂျာနယ်တွေမှာ ဆောင်းပါးတွေ ရေးတာကိုတောင် တလွဲတချော်တွေ ရေးတတ်လွန်းသူပါ။ ဘယ်အားကစားသမားဟာ ဘယ်တိုင်းပြည်ကလဲဆိုတာကိုတောင် မှန်အောင်၊ တည့်အောင် မရေးနိုင်လို့ အားကစားကလောင်ရှင်ကြီးတစ်ဦးက ပထဝီပြန်သင်ခိုင်းခဲ့ရဖူးတဲ့အထိ အဝေဖန်ခံခဲ့ရတဲ့သူပါ။ ပြီးတော့ မန္တလေးက ကိုထွန်းဦး (ယခု ထွန်းဦးစာပေ)ရဲ့ စာအုပ်ထုတ်ဝေရေးလုပ်ငန်းနဲ့ပတ်သက်လို့ သနားပါတယ်၊ သနားပါတယ်ဆိုပြီး ဝိုင်းကူတယ်၊ ဝိုင်းကူတယ်ဆိုပြီး ဘာတွေဘယ်လို ကိုယ်ကျိုးရှာသွားခဲ့တယ်ဆိုတာ၊ ဘာတွေရိုက်စားလုပ်သွားခဲ့တယ်ဆိုတာ ရန်ကုန်၊ မန္တလေးက စာပေလောကသားတွေ အသိဆုံးပါ။ ပြီးတော့ လက်ဝါးရိုက်ပြီး ကမ္ဘောဒီးယားမှာ ဂျာနယ်လစ်သင်တန်း သွားတက်တယ်ဆိုပြီး ကမ္ဘောဒီးယားကနေ ပြန်မလာဘဲ နိုင်ငံရေးခိုလှုံခွင့် တောင်းခဲ့သူပါ။ နိုင်ငံရေးခိုလှုံခွင့်တောင်းရအောင် ကိုဂျေက မြန်မာပြည်မှာ နိုင်ငံရေးနဲ့ ပတ်သက်လို့ ဘာတွေများ ကိုယ်ကျိုးစွန့် အနစ်နာခံလုပ်ခဲ့ဖူးလို့လဲ။ နိုင်ငံရေးအစဉ်အလာ ဘာတစ်ခုမျှမရှိတဲ့သူက ပြည်တွင်းမှာ သုံးစားမရလို့ ပြည်ပထွက်ပြီး လက်ခမောင်းခတ်နေလိုက်တာများ ဘာအထင်ကြီးစရာမှ မရှိပါဘူး။ အဲဒီလို နိုင်ငံရေးခိုလှုံခွင့်နဲ့ ထောက်ပံ့ငွေ လက်ဝါးဖြန့်တောင်းနေတဲ့သူရဲ့ ပါးစပ်ကထွက်တဲ့ စကားတွေက အမှန်တရားဖြစ်နိုင်ပါ့မလား။ ပြည်ပအသံလွှင့်ဌာနတွေမှာ ကိုဂျေတို့ နို့သက်ခံစို့နေကြတာတွေ၊ လုပ်ကြံဖန်တီး လီဆယ်မှုတွေနဲ့ ကိုယ်အနေအစားချောင်အောင် သိက္ခာမဲ့တဲ့ အလုပ်တွေ လုပ်နေကြတာတွေကို အားလုံးက သိပြီးသားပါ။ ကိုဂျေတစ်ယောက် မဲဆောက်ကနေ မဟုတ်က၊ ဟုတ်က သတင်းတွေ လုပ်ကြံပေးပို့ဖို့ ပြည်တွင်းက ဘယ်သူတွေဆီ ဆက်သွယ်နေတယ်ဆိုတာ သက်ဆိုင်ရာက မသိတာမှမဟုတ်ဘဲ။ ကိုဂျေနဲ့ ဖုန်းအဆက်အသွယ် ဘယ်သူတွေရှိတယ်ဆိုတာ သက်ဆိုင်ရာက နာမည်တပ်ထုတ်ပြောလိုက်ရင် သင်းတို့တွေ စားမဝင်၊ အိပ်မပျော်ကြမှာ စိုးလို့ သဘောထားကြီးပေးနေတဲ့အပေါ်မှာ အဟုတ်ကြီးမှတ်သူတွေက မှတ်နေကြတယ်။ တကယ်ဆိုရင် မင်းမဲ့တိုင်းပြည်မဟုတ်ဘူး။ တာဝန်မဲ့ ပြောချင်တိုင်း ပြောလို့မရဘူး။ ဥပဒေမရှိတာမဟုတ်ဘူး။ မြန်မာနိုင်ငံရဲ့ လျှို့ဝှက် ဥပဒေဆိုတာ အတိအလင်းရှိပြီးဖြစ်တယ်။ နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက် ထိုးနှက်နေတဲ့ ပြည်ပအသံလွှင့်ဌာနတွေနဲ့ ဆက်သွယ်ပြီး ပြည်တွင်း အခြေအနေရှုပ်ထွေးအောင် လုပ်ကိုင်ပြောဆိုနေကြတဲ့ သူတွေကို သက်ဆိုင်ရာက ဖော်ထုတ်ပြီး သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၅)မှာ အတိအလင်းဖွင့်ချခဲ့ပြီး ဖြစ်တယ်ဆိုတာ သတိရကြဖို့ ကောင်းတယ်။

NDDလို့ အတိုကောက်ခေါ်တဲ့ ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်ရေး အင်အားစု (Network for Democracy and Development) အဖွဲ့ရဲ့ ပြည်တွင်းသတင်းကွန်ရက်တာဝန်ခံ သိန်းဝင်းဟာ ပဲခူးသားတွေဖြစ်တဲ့ ဝေလင်း၊ သန်းဦး(ခ)ကိုရဲ၊ မြင့်လွင်နဲ့ ဝင်းမြင့်တို့ကို လိုအပ်တဲ့သတင်းယူနည်းသင်တန်း၊ UGသင်တန်းတွေပေးပြီး ငွေကြေးထောက်ပံ့မှုတွေနဲ့ နိုင်ငံတကာကို ဆက်သွယ်လို့ရတဲ့ တရားမဝင် ဂြိုဟ်တုဖုန်းတွေ တပ်ဆင်ပေးပြီး ပဲခူးမြို့မှာ မြေပေါ်အမာခံအဖြစ် ၂၀၀၃ ခုနှစ်ကတည်းက မြှုပ်နှံထားတာကိုတောင် သက်ဆိုင်ရာက ဖော်ထုတ်နိုင်ခဲ့သေးတာပဲ။

ဝေလင်း၊ သန်းဦး(ခ)ကိုရဲ၊ မြင့်လွင်နဲ့ ဝင်းမြင့်တို့ကလည်း ချောင်ကြိုချောင်ကြားက မရေရာတဲ့ သတင်းအစအနကိုယူပြီး လုပ်ကြံချဲ့ကားထားတဲ့၊ မမှန်ကန်တဲ့ သတင်းတွေကို အဲသည့် ဂြိုဟ်တုဖုန်းတွေ သုံးပြီး သူတို့ရဲ့ဝမ်းရေး အဆင်ပြေအောင် ရသမျှငွေကို ချူယူပြီး သံတော်ဦးတင်နေကြရခြင်းပဲ ဖြစ်တယ်ဆိုတာ ဖော်ထုတ်ခဲ့ပြီးသားပါ။ သင်းတို့တွေက BBCနဲ့ တွေ့ဆုံမေးမြန်းချက်တွေကို ပုံကြီးချဲ့ဖန်တီးလုပ်ဆောင်ထားတဲ့ သတင်းတွေ အကြိမ်ကြိမ် ပို့ခဲ့ကြတယ်ဆိုတာ ကာယကံရှင်တွေကိုယ်တိုင် ဝန်ခံထွက်ဆိုထားတာပါ။

ခုလည်း RFAသတင်းထောက် ကိုဂျေနဲ့ ဆက်သွယ်ပြီး မမှန်တဲ့ သတင်းတွေ လုပ်ကြံပေးပို့နေကြပြန်တော့ သည်အပေါ်မှာ နိုင်ငံတော်က ဘယ်လောက် သဘောထားကြီးပေးနေရမှာလဲလို့ မေးရပါတော့မယ်။

ကိုဂျေ့ လုပ်ပေါက်က ကိုယ့်ပြည်တွင်းမှာ ရိုးရိုးသားသား စာပေနဲ့ အသက်မွေးနေတဲ့သူတွေကို ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ စာပေစိစစ်ရေးနဲ့ ရန်တိုက်ပေးနေတာပဲ။ စာပေစိစစ်ရေးနဲ့ စာပေလောကသားတွေ သဟဇာတ ဖြစ်နေတာကို မရှုဆိတ်တာကြောင့် သွေးခွဲနေတာလားကိုယ့်လူလို့ မေးလိုက်ချင်ပါတယ်။

စာပေစိစစ်ရေးနဲ့ မှတ်ပုံတင်ညွှန်ကြားရေးမှူးက စက်တင်ဘာ ၁၅ ရက်၊ ၁၆ ရက်နေ့တွေမှာ ထုတ်ဝေသူ၊ ပုံနှိပ်သူတွေ၊ အယ်ဒီတာတွေနဲ့ စာပေစိစစ်ရေးအစည်းအဝေးခန်းမမှာ တွေ့ဆုံခဲ့ကြတဲ့အပေါ်မှာ လုပ်ကြံဖန်တီးပြီး မမှန်သတင်းထုတ်လွှင့်ခဲ့လို့ စာပေလောကသားတွေအားလုံးက ကိုဂျေ့ကို ဘယ်လောက်စိတ်ဆိုး နေကြသလဲဆိုတာ လိုက်မေးကြည့်လိုက်ပါဦးလား။ တကယ်တော့ စာပေလောကသားတွေရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့၊ ညှိနှိုင်းဆောင်ရွက်ပေးဖို့ လုပ်တာဟာ ခုမှ လုပ်တာ မဟုတ်ပါဘူး။ စာပေစိစစ်ရေး ညွှန်ကြားရေးမှူးအဖြစ် ဗိုလ်မှူးတင့်ဆွေ တာဝန်ယူပြီး နှစ်လအကြာ ဩဂုတ်လ ၁၈ ရက်နေ့ကလည်း စာပေလောကသားများဖြစ်တဲ့ အယ်ဒီတာတွေကို ဖိတ်ကြားပြီး လိုအပ်ချက်တွေကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ဖူးပါတယ်။ အဲသည့်တုန်းက ဒေါက်တာ သိန်းမြင့် (Eleven International)၊ ဦးတည်ငြိမ်(ငွေပင်လယ်ဂျာနယ်)၊ ဗိုလ်မှူးဝဏ္ဏ(ငြိမ်း) (အင်တာဗျူးဂျာနယ်)၊ ဦးကိုကို(ပန်းသတင်းဂျာနယ်)၊ ဦးမြတ်ခိုင် (အချစ်၊ မဟာ၊ ဂီတ၊ ကောင်းသတင်းဂျာနယ်)၊ ဦးအောင်စိုးသူ(ဂီတကမ္ဘာဂျာနယ်)၊ ဦးသောင်းစုငြိမ်း (7Daysဂျာနယ်)တို့ ကိုယ်တိုင် တက်ရောက်ခဲ့ကြတယ်။ အဲသည့် ဆရာတွေ တင်ပြခဲ့တဲ့ အခက်အခဲတွေကို တစ်ထိုင်တည်း ညှိနှိုင်းဆောင်ရွက်ပေးခဲ့ဖူးပါတယ်။ အဲသည့်တုန်းက ဘာသံများ ထွက်ခဲ့ဖူးလို့လဲ။ စက်တင်ဘာ ၁၅၊ ၁၆ ရက်နေ့မှာတော့ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်အောင်ဆိုပြီး စက်တင်ဘာ ၁၅ ရက်နေ့မှာ ထုတ်ဝေသူများဖြစ်တဲ့ ဦးကျော်ဦး(ပါရမီစာပေ)၊ ဦးအောင်သန်းကျော် (ပညာရွှေတောင်စာပေ)၊ ဦးကျင်ဝမ် (နွေမိုးဆောင်းစာပေ)၊ ဦးကျော်လှိုင် (စေတနာစာပေ)၊ ဒေါ်ကေခိုင်စိုး(ရွှေသမင်စာပေ)၊ ဦးဉာဏ်ပွင့် (ဇေယျာမြေ စာပေ)၊ ဦးအာကာအောင် (အောင်မြင်စာပေ)၊ ဦးစန်းဦး (စိတ်ကူးချိုချိုစာပေ)၊ ဦးကိုကြီး(သိန်းမင်းစာပေ)၊ ဦးအေးလွင် (ရွှေပဒေသာစာပေ)၊ ဦးမောင်မျိုး (ကြောင်နှစ်ကောင်စာပေ)၊ ဒေါက်တာသာထွန်းဦး (Today စာအုပ်တိုက်)၊ ဦးသက်လွင်(Todayစာအုပ်တိုက်)၊ ဦးအောင်မြတ်ကျော် (စာပေလောကစာအုပ်တိုက်)၊ ဦးရွှေဘော်ဖြိုး (ရွှေမြန်မာစာပေ)၊ ဦးမျိုးအောင် (ပြည့်စုံစာပေ)တို့ တက်ရောက်ခဲ့ကြပါတယ်။ ဦးစိုးညွန့် (ရာပြည့်စာအုပ်တိုက်)က နေမကောင်းလို့၊ ဒေါ်မိုးသီတာ (စိုးစိုးစာပေ)က ခရီးလွန်နေလို့ဆိုပြီး ရောက်မလာကြပါဘူး။ အဲသည့် ထုတ်ဝေသူတွေကို ကိုဂျေအနေနဲ့ နာမည်နဲ့တပ်ပြီး ဆက်သွယ်မေးမြန်းလိုက်ပါ။ ကာယကံရှင်တွေကိုလည်း ကိုယ့်နာမည်နဲ့တပ်ပြီး ရဲရဲတင်းတင်း ဖြေခိုင်းပါလား။ စာပေစိစစ်ရေးညွှန်ကြားရေးမှူးက ဘာခေါ်ပြောတာလဲ။ ခြိမ်းခြောက်တာလား။ အကျပ်ကိုင်တာလားဆိုတာ ပြောင်လှမ်းမေးလို့ ရတာပဲ။

အခုတော့ အမည်မဖော်လိုသူတစ်ဦးက ပြောကြားသည်ဆိုတာမျိုးတွေက ရှုံ့ဖို့ကောင်းတဲ့ အောက်လမ်းနည်းတွေပါ။ စက်တင်ဘာ ၁၆ ရက်နေ့မှာလည်း မဂ္ဂဇင်း၊ ဂျာနယ် အယ်ဒီတာချုပ်၊ တာဝန်ခံ အယ်ဒီတာတွေကို တလေးတစားဖိတ်ကြားပြီး စာပေစိစစ်ရေး ညွှန်ကြားရေးမှူးက အခက်အခဲရှိတာတွေ တင်ပြဖို့ လမ်းဖွင့်ပေးခဲ့တာပါ။ အဲသည့်တုန်းက ဘယ်သူတွေ တက်ရောက်ခဲ့တယ်ဆိုတာကိုကော နာမည်စာရင်းနဲ့တကွ သိချင်ရင် သိလို့ရတာပဲ။ ဘာမှ ဖုံးဖိထားစရာမရှိပါဘူး။

ဦးမြင့်စိုး (Myanmar Times)၊ ဦးခင်ဝင်း (နိုင်ငံတကာရေးရာ)၊ ဦးအေးလွင် (ကုမုဒြာဂျာနယ်)၊ ဦးညီညီမိုး (7 Days News ဂျာနယ်)၊ ဦးတင်အောင်ခိုင် (နိုင်ငံတကာရေးရာဂျာနယ်)၊ ကိုတာ (စတိုင်သစ်ဂျာနယ်)၊ ဦးဟိန်းလတ်(ပေါ်ပြူလာဂျာနယ်)၊ ဒေါ်ဝါဝါဆွေ (Today)၊ ဦးမောင်မျိုး (အိုင်ဒီယာမဂ္ဂဇင်း)၊ ဦးဝင်းငြိမ်း (အလင်းတန်းဂျာနယ်)၊ ဦးမြတ်ခိုင် (မဟာ၊ အချစ်ဂျာနယ်)၊ ဦးကိုကို (စက်မှု) (ပန်းသတင်း၊ Tech Digest Journal)၊ ဦးလင်းနိုင်ဦး (အလင်းတန်းဂျာနယ်)၊ ဦးကျော်မင်းဆွေ (Living Colour)၊ ဦးမျိုးညွန့်မောင် (ခေတ်မြန်မာ)၊ ဒေါက်တာသိန်းမြင့် (Eleven Media)၊ ဒေါက်တာခင်မိုးမိုး(ပြည်မြန်မာ)၊ ဦးဇေယျာမြတ်ခိုင် (မဟာ၊ ဂီတဂျာနယ်)၊ မာဂျေ (Eleven International)တို့ပါပဲ။

အဲသည့် သူတွေထဲက ကိုဂျေဘယ်သူနဲ့ ဆက်သွယ်မေးမြန်းခဲ့တာလဲ။

"သောကြာနေ့က စာပေစိစစ်ရေးရုံးမှာ ပြည်တွင်းသတင်း အခြေခံဖော်ပြတဲ့ ဂျာနယ် ၂၀ လောက်က အယ်ဒီတာတွေကို စာပေစိစစ်ရေးဌာန ညွှန်ကြားရေးမှူးက စာပေစိစစ်ရေးရဲ့ မူဝါဒတွေအကြောင်း ပြောပြပြီး ကြိမ်းမောင်းမှုတချို့ ပြုလုပ်ခဲ့တယ်လို့ တက်ရောက်ခဲ့သူတချို့က RFAကို ပြောပြခဲ့ပါတယ်။ အဲသည့် အခမ်းအနားမှာ စာပေစိစစ်ရေး ညွှန်ကြားရေးမှူး ပြောဆိုဆွေးနွေးခဲ့တဲ့ အချက်တချို့ကို အခမ်းအနား တက်ရောက်သူ အယ်ဒီတာတစ်ဦးက RFAကို အခုလို ပြောပါတယ်" ဆိုပြီး ကိုဂျေက လုပ်သွားခဲ့တယ်။

အဲသည့်အခမ်းအနား တက်ရောက်ခဲ့သူ အယ်ဒီတာတစ်ဦးဆိုတာ ဘယ်သူလဲ။ ဘာလို့များအသံကို ဖျက်ထားရသေးတာလဲ။ တကယ်ဆိုရင် အဲ့ဒီလူဟာ ကိုဂျေနဲ့ ဆက်သွယ်ပြောဆိုပြီး စာပေစိစစ်ရေးနဲ့ ထုတ်ဝေသူတွေ၊ အယ်ဒီတာတွေ တွေ့ဆုံကြတဲ့ကိစ္စမှာ ကြမ်းပိုးကို လိပ်ဖြစ်အောင် လုပ်သွားတယ်ဆိုတာ စာပေလောကသားအားလုံး သိထားနှင့်ပြီး ဖြစ်တယ်။

ကိုဂျေနဲ့ ဆက်သွယ်တဲ့သူတွေက ကိုယ့်နာမည်နဲ့ကိုယ် ဘာကြောင့် ထုတ်ဖော်မပြောရဲကြတာလဲ။ အဖြေက ရှင်းရှင်းလေးပါ။ မဟုတ်မဟုတ် လုပ်ဇာတ်ခင်းထားတာဆိုတော့ နာမည်အရင်းအတိုင်း ဘယ်ပြောရဲတော့မှာတုံး။ ပြီးတော့ အမည်မဖော်လိုတဲ့ ဂျာနယ်တိုက်ဝန်ထမ်းတစ်ဦးက အခုလိုပြောပါတယ်ဆိုပြီး အမျိုးသမီးတစ်ယောက်အသံနဲ့ ပြောသွားပြန်ရော၊ အဲသည့် အမျိုးသမီးကကော ဘယ်သူလဲ။ ဘာကြောင့် ကိုယ့်နာမည်နဲ့ မပြောရဲရပြန်တာလဲ။ အဲသည့်နေ့က ဆွေးနွေးပွဲကို တက်ခဲ့တဲ့ အမျိုးသမီးဆိုလို့ ဒေါ်ဝါဝါဆွေ (Today)နဲ့ ဒေါက်တာခင်မိုးမိုး (ပြည်မြန်မာ)တို့ နှစ်ယောက်ပဲရှိတော့ သူတို့နှစ်ယောက်ခမျာ ဘယ်လောက် အနေကျပ်လိုက်မလဲဆိုတာ ကိုယ်ချင်းစာနာပြီး ကိုဂျေ စဉ်းစားဖို့ ကောင်းပါတယ်။ တကယ်တော့ ကိုဂျေက စာပေအရေခြုံထားတဲ့ အဖျက်သမားဆိုတော့ လုပ်ဇာတ်မဟုတ်မဟုတ်တွေနဲ့ အသံလွှင့်နေတာ ဘာဆန်းမှာလဲ။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ☆

ပြီးခဲ့တဲ့ရက်ပိုင်းက ထွက်လာတဲ့ ဂျာနယ်တွေမှာ ထူးထူးခြားခြား ဆောင်းပါးနှစ်ပုဒ် ဖတ်လိုက်ရတယ်။ ပြည်ပအသံလွှင့်ဌာနတွေနဲ့ ပါဝင် ပတ်သက်ပြီး မြန်မာစာပေလောကကို အခြေအနေ ရှုပ်ထွေးအောင် တမင် လုပ်ကြံလီဆယ်ဖန်တီးနေတဲ့သူတွေနဲ့ ပတ်သက်လို့ ဖွင့်ချထားတဲ့ ဆောင်းပါးနှစ်ပုဒ်ဖြစ်တာကြောင့် ထူးခြားတယ်လို့ဆိုရမှာ ဖြစ်တယ်။ ဒါဟာ ယနေ့ မြန်မာနိုင်ငံ စာပေလောကသားတွေအားလုံး လက်ကိုင်ထား ကျင့်သုံးအပ်တဲ့ မီဒီယာကို မီဒီယာလက်နက်နဲ့ တုံ့ပြန်ချေဖျက်ရမယ် ဆိုတာမျိုးပါပဲ။ တကယ်ဆိုရင် အဲသည့် ဆောင်းပါးမျိုးတွေဟာ အမျိုးသားရေးစိတ်ရှိတဲ့ သူတွေအနေနဲ့ ကိုယ့်အသိစိတ်၊ ကိုယ့်အစီအစဉ်နဲ့ကိုယ် လက်တုံ့ပြန်ရေးကြဖို့တောင် ကောင်းတဲ့အကြောင်းအရာတွေပါ။ ဘယ်သူဘယ်ဝါရဲ့ တိုက်တွန်းမှုကိုမျှ စောင့်မနေဘဲ ကိုယ်တိုင်ထရေးကြဖို့ ကောင်းတာမျိုးပါ။ အခွင့်အရေးကျရင် ရှေ့ဆုံးက လိုချင်ပြီး အမျိုးသားရေးနဲ့ ပတ်သက်ရင် လက်နှေးနေကြ၊ နှာစေးနေကြတဲ့သူတွေအနေနဲ့လည်း ပြည်ပအသံလွှင့်ဌာနကနေ ကိုယ့်ပြည်တွင်းမှ ကိုယ့်မြန်မာစာပေလောကအရေး ရှုပ်ထွေးအောင် ခလောက်ဆန်နေတဲ့အပေါ် သည်အတိုင်း ကြည့်နေရမယ့်အချိန် မဟုတ်တော့ပါဘူး။ အများဆိုတာ ကြာရင် အမှန်ဖြစ်သွားတတ်တယ် မဟုတ်လား။ ဒါကြောင့် အရှိကို အရှိအတိုင်း တုံ့ပြန်ကြရမှာက အမျိုးသားရေးစိတ်ရှိသူ တစ်ဦးချင်းစီရဲ့ တာဝန်ပဲဖြစ်တယ်။

အောင်စကြာဆရာတော် တရားချီးမြှင့်မည်

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် အောက်တိုဘာ ၁၇ရက် မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံရင်ပြင်တော် သောကြာထောင့် ဆံတော်တွင်းတန်ဆောင်း၌ လည်းကောင်း၊ ၁၈ရက်ညတွင် ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီး အမှတ်-၄၉/၅၁ အဘိဓမ္မရတနာဃရ အဘိဓမ္မာဓမ္မဗိမာန်တော်ကြီး၌လည်းကောင်း၊ ၁၉ ရက်နှင့် ၂၀ရက်ညများတွင် ပဲခူးတိုင်း ကဝမြို့ ကန္တားကျောင်း မဟာစည်ဓမ္မရိပ်သာ၌လည်းကောင်း၊ ၂၁ရက်ညတွင် တောင်ဒဂုံ(၂၃)ရပ်ကွက် စက်မှုဇုန်(၁) မာန်အောင်ရပ်ကွက်၌လည်းကောင်း၊ ၂၂ရက်ညတွင် သာကေတမြို့နယ် မာန်ပြေရပ်ကွက် မာဃဓမ္မာရုံ၌လည်းကောင်း နိဗ္ဗာန်လမ်းပြတရားတော်များ ဟောကြားတော်မူမည်ဟု သိရသည်။ (က-ပ)

☆ **စာမျက်နှာ ၆ ဆောင်းပါးမှ အဆက်**

တကယ်တမ်းပြောရရင် ဟိုတုန်းက ပြည်ထဲရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ကလည်း စာပေသမားတွေကို ခေါ်တွေ့ပြီး အခက်အခဲတွေ လွတ်လွတ်လပ်လပ် တင်ပြခွင့်ပေးခဲ့တဲ့ အစဉ်အလာရှိပြီးသားပါ။ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး စာပေစိစစ်ရေးမှာ စာပေသမားတွေနဲ့ တွေ့တုန်းကလည်း ပြောစရာရှိရင် စာရေးပြီးပြောကြပါလို့ ပြောခဲ့ဖူးတာပဲ။ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းကလည်း စာပေစိစစ်ရေးမှုဝါဒ လျှော့ပေါ့ပေးပြီး ပွင့်ပွင့်လင်းလင်း ရင်းရင်းနှီးနှီး ကူညီဆောင်ရွက်ပေးနေတာပဲ။ သည်အစဉ်အလာကောင်းတွေကြောင့် သည်ကနေ့အထိ မြန်မာစာပေလောက ရှင်သန်ဖွံ့ဖြိုးနေတာ မဟုတ်ဘူးလား။ ပြည်ပကနေ စာပေစိစစ်ရေးကို မဟုတ်တမ်းတရမ်း မျိုးစုံအောင် ပြောနေကြတဲ့ကြားက ထုတ်ဝေခွင့်လျှောက်တဲ့သူတွေ ထောင်နဲ့ချီပြီးရှိနေတာ ဘာကြောင့်လဲ။ ကိုဂျေတို့ ပြည်ပကနေ အသံကောင်းဟစ်နေတာနဲ့ မြန်မာစာပေလောကကြီး ရပ်တန့်ရရောလား။

ပြောမယ်ဆိုရင် ပုံနှိပ်ဥပဒေဆိုတာ မူလကတည်းက ရှိပြီးသားပါ။ ခုမှ ဘာအထူးအဆန်းလုပ်ပြီး ပြောနေကြတာလဲ။ ခုချိန်အထိလည်း စာပေစိစစ်ရေးမှုနဲ့ ငြိစွန်းလို့ဆိုပြီး အရေးယူခံရတဲ့သူ ဘယ်နှယောက်ရှိနေလို့လဲ။ စာပေစိစစ်ရေးမှုနဲ့သာ ငြိစွန်းတိုင်း အရေးယူရရင် ဂျာနယ်၊ မဂ္ဂဇင်းတစ်စောင်မှတောင် ထွက်လာစရာမရှိပါဘူး။ အားလုံးက တစ်နည်းမဟုတ်တစ်နည်း ငြိစွန်းနေကြတဲ့သူတွေချည်းပါပဲ။ ဖြန့်ချိခွင့်မရဘဲ ကြိုဖြန့်တာတို့၊ မသင့်တော်လို့ ဖြုတ်ပယ်ခိုင်းတာကို ပေါ့လျော့ပြီး မဖြုတ်ပယ်တာတို့၊ မူကြမ်းကို သတ်မှတ်ချိန်အမီ မတင်ပြနိုင်တာတို့၊ ကြော်ငြာတွေကို ခွင့်ပြုချက်မရှိဘဲ ကြိုရိုက်လိုက်တာတို့၊ ခွင့်ပြုချက်မရသေးဘဲ ကြိုရိုက်ထားမိလို့ မျက်ရည်လည်ရွဲနဲ့ လာတောင်းပန်တာတို့၊ စာပေစိစစ်ရေးကို လာပြတော့ တစ်မျိုး၊ အပြင်မှာကျတော့ တစ်မျိုး ဖြန့်လိုက်တာတို့---အပါအဝင် စည်းမျဉ်းနဲ့မညီတာတွေ အများကြီးပါ။ စည်းမျဉ်းနဲ့မညီတိုင်းကော ဘယ်သူတွေ အရေးယူခံရဖူးလို့လဲ။ အလွန်ဆုံး သတိပေးရုံပေးပြီး ပုံနှိပ်ဥပဒေရှိနေပါလျက်နဲ့ ညှာညှာတာတာ စဉ်းစားပေးခဲ့တာတွေကို ထည့်မပြောကြတော့ဘူးလား။

ဂျာနယ်၊ မဂ္ဂဇင်းတချို့ရဲ့ ရေးသားဖော်ပြချက် အချို့အပေါ် ဌာနဆိုင်ရာတွေက၊ ပုဂ္ဂလိကတွေက မကျေနပ်တာရှိရင် အရင်ဆုံး ခေါင်းထိုးခံပြီး ပြေလည်အောင် မဆီမဆိုင်နဲ့ ကြားဝင်ပြီး ဖြေရှင်းပေးနေတာ စာပေစိစစ်ရေးပါ။ ကြီးတဲ့အမှု ငယ်အောင်၊ ငယ်တဲ့အမှု ပပျောက်အောင် စာပေစိစစ်ရေးက အမုန်းခံပြီး ကူညီစိစစ်ပေးနေတာပါ။ အဲဒီလိုမစိစစ်ဘဲ လွှတ်ပေးလိုက်လို့ကတော့ ဂျာနယ်၊ မဂ္ဂဇင်းတွေကို ဌာနဆိုင်ရာတွေက ဝိုင်းတရားစွဲလိုက်၊ ပုဂ္ဂလိကတွေက ဝိုင်းတရားစွဲလိုက်နဲ့ ဂျာနယ်၊ မဂ္ဂဇင်းတွေ အသက်ရှုချိန်တောင်ရမှာ မဟုတ်ဘူး။ စာပေစိစစ်ရေးက စနေ၊ တနင်္ဂနွေတောင် ရုံးဖွင့်ပြီး ဂျာနယ်၊ မဂ္ဂဇင်းအလုပ်တွေ ပြီးပြတ်အောင် လုပ်ပေးနေတယ်ဆိုတာ လက်တွေ့ဆက်ဆံ လုပ်ကိုင်နေကြတဲ့သူတွေအားလုံး အသိပါ။ ရှိတဲ့ဝန်ထမ်းအင်အားနဲ့ မညည်းမညူဘဲ ဂျာနယ်၊ မဂ္ဂဇင်း ယန္တရားကြီး ရပ်တန့်မသွားအောင် ဆောင်ရွက်ပေးနေတာပါ။

ဂျာနယ်၊ မဂ္ဂဇင်းတွေမှာ စုန်းပြူးတွေရှိနေတာ စာပေစိစစ်ရေးက သိတယ်။ စာပေစိစစ်ရေးကို သွေးတိုးစမ်းပြီး စာပေစိစစ်ရေးက မျက်စိ မှောက်သွားရင်လည်း အမြတ်ပဲဆိုပြီး လုပ်စားနေကြတာလည်း သိတယ်။ အရင်ခေတ်တွေတုန်းက စာမူလာတင်ရုံနဲ့တင် တည်ဆဲဥပဒေတွေနဲ့ ငြိစွန်းမှုရှိလို့ အရေးယူအပြစ်ပေးခဲ့ရသူတွေ ရှိခဲ့ဖူးတာပဲ။ စာအုပ်ဖြန့်ပြီးပါမှ စာအုပ်တွေကို လိုက်သိမ်းပြီး ဥပဒေအရ အပြစ်ရှိသူကို ထောင်ချခဲ့ရတာတွေ ရှိခဲ့ဖူးတယ်။ ပုံနှိပ်တိုက်ကို ချိပ်ပိတ်တာတွေ ရှိဖူးတယ်။ အဲသည့် သမိုင်းကြောင်းတွေ မင်မခြောက်သေးပါဘူး။

ကိုဂျေအနေနဲ့ စာပေစိစစ်ရေးနဲ့ စာပေလောကသားတွေ လိုက်လျောညီထွေ အဆင်ပြေနေတာ၊ အပြန်အလှန် နားလည်မှုတွေရနေကြတာကို မလိုလားဘူးဆိုရင် ကိုဂျေတို့ ထုံးစံအတိုင်း အနေအစားချောင်အောင် အာပေါင်အာရင်းသန်သန်နဲ့ ဆက်လုပ်ပါ။ ဖားတုပြီး ခရုခုန်ရုံနဲ့ မြန်မာစာပေလောကကြီးက တုန်လှုပ်မယ်မဟုတ်ပါဘူး။ ကိုဂျေတို့လိုပဲ တစ်ဖက်နိုင်ငံကို အရင်ရောက်နှင့်နေတဲ့ နေဇော်နိုင်ဆိုသူက ဒီဗွီဘီ ဝက်ဘ်ဆိုက်မှာ ဘာတွေရေးထားလဲ ပြန်ဖတ်ကြည့်လိုက်ပါဦး။

"လက်နက်မရှိဘဲ လက်နက်ချသွားတဲ့ ရာသီပေါ် နိုင်ငံရေးသမားတွေကလည်း တစ်မျိုး၊ ကျွန်တော့်လို ပြည်ပရောက်နေပြီး မြန်မာ့နိုင်ငံရေးကို သင်ရိုးညွှန်းတမ်းပြုစုပြီး အော်ကြီးဟစ်ကျယ် ပို့ချနေသူတွေကလည်း တစ်ဘာသာ"ဆိုပြီး ပြောနေပါပြီ။

ဒါကြောင့် အမျိုးသားရေးစိတ်ရှိတဲ့ စာပေသမားတွေက ကိုဂျေတို့လို မဟုတ်မမှန်တဲ့ သတင်းတွေနဲ့ ပြည်တွင်းရေးအခြေအနေ ရှုပ်ထွေးအောင် ခလောက်ဆန်နေသူတွေအပေါ် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက ဆွေးနွေးမှာကြားခဲ့တဲ့အတိုင်း မီဒီယာကို မီဒီယာလက်နက်နဲ့ တုံ့ပြန် ချိုးဖျက်နေကြတာဖြစ်ပါတယ်။ ဒါဟာ စာပေလောကသားတွေရဲ့ အမျိုးသားရေးတာဝန်တစ်ရပ်ပဲ ဖြစ်ပါတယ်။ ။

ပြည်ထောင်စုရဲ့ အနုပညာ မဟာမင်္ဂလာပွဲ

လင်္ကာဆောင်းပါး

(၁)

၁၉၈၇ ခုနှစ်
လွန်ခဲ့တဲ့ ၁၈ နှစ်က
ပုဂံခေတ်အဆိုအကအတီး
စာတမ်းကြီးရေးကာ
အနုပညာဦးစီးဌာနအတွက်
ယဉ်ကျေးမှုဝန်ကြီးဌာနရဲ့ စီမံချက်နဲ့
စာပေဗိမာန်မှာဖတ်ကြား
ဝန်ကြီးများ၊ ပညာရှင်များ၊
စာပေသမားများ စုံစုံလင်လင်
နားဆင်တော်မူခဲ့ကြတာတွေ
သတိရနေမိတယ်။

(၂)

နှောင်အခါကျ
အင်းဝနဲ့ညောင်ရမ်း
ကုန်းဘောင်ခေတ်အထိလှမ်းပြီး
စာတမ်းတွေဆက်ဖတ်မယ်
ရည်ရွယ်ကာ မှတ်စုထုတ်
လုပ်ပေမယ့် မဖတ်ဖြစ်သေး
အကြံတွေ နွေးတုန်းရှိသေးတယ်။

(၃)

ရေးစရာ အကြမ်းဖျင်းဆိုလျှင်တော့
ညောင်ရမ်းမင်းလက်ထက်အခါ
၁၆၀၀ ဒီဇင်ဘာမှာ
ကိန္နရာဇာတ်၊ မနော်ဇာတ်
ကုမ္မာရဇာတ်၊ အန္တရဒေဝီဇာတ်
ကဇာတ်တွေ ကကြကြောင်း
စာဟောင်းမှာ တွေ့ပါတယ်။

(၄)

သာလွန်မင်းလက်ထက်ဝယ်
မိုးဝန်းနယ် စစ်ချီခါနီး
ဗမာအတီးအက၊ မွန်အတီးအက
ရှမ်းအတီးအက၊ ကသည်းအတီးအက
ဇင်းမယ်သားအတီးအက
တရုတ်ကုလားအတီးအကပါ စုံစုံလင်လင်
အောင်နိမိတ်ဆင်တဲ့ ပွဲသဘင်
၁၆၃၇ ဒီဇင်ဘာမှာ
ကျင်းပကာ တီးကကြကြောင်း
စာဟောင်းမှာ တွေ့ပါတယ်။

(၅)

ခနေ၊ ရခိုင်၊ ရှမ်း၊ မွန်၊ ဗမာ
မရမာကြီးလို့ခေါ်တဲ့ ဗမာကြီးလည်းပါ
ကသည်း၊ သက်၊ ယွန်း၊ ယိုးဒယား၊
တရုတ်၊ ကုလားအတီးအကတွေ သိုင်းဝိုင်း
မွန်ဆိုင်း ဗမာဆိုင်း စုံစုံညီညီ
၁၆၅၄ ဇန်နဝါရီမှာ
သာလွန်မင်းရဲ့သားရင်း
ပင်းတလဲမင်းဟာ
ဘုံသာတုလွတ်ကျောင်းဆောက်နေစဉ်
ပွဲသဘင်ကြီး ဆင်နွှဲခိုင်းပြီး
တီးကကြကြောင်း ရွှင်ရွှင်ပျော်ပျော်
ရေးနှစ်ပေါင်း ၃၅၀ ကျော်က ပွဲ
ပေစာထဲမှာ ဖတ်ဖူးတယ်။

(၆)

အဆိုအတီးအက
ညောင်ရမ်းခေတ်မျှသာ
ယခုဖော်ပြရပါသော်လည်း
ညောင်ရမ်းကိုကျော်လျှင်
ကုန်းဘောင်ခေတ်တစ်ခွင်က
ဆိုတီးက အလွန်များပြား
တိုင်းရင်းသား လူမျိုးစုအများပင်
စုပေါင်းပါဝင်
ကပွဲသဘင်တွေ များခဲ့တယ်
ဒါပေမယ့်ကွယ်....။

(၇)

ကြယ်စီတဲ့စောင်းရဲ့ဆရာငအောင်မင်း...တဲ့
ဗဒုံမင်းလက်ထက် နာမည်ကျော်
ပျော်ဘွယ်သားရုပ်သေးဆရာငကျော်လည်း
ဗဒုံမင်းလက်ထက်ကပါပဲ။
မိရွှေညက်ဆိုတဲ့ အကမင်းသမီး
ဆိုင်းတီးဆရာက၊ ရွှေတောင်ငယ်ကျော်
ဘကြီးတော်လက်ထက်ကနော်။
ရာမဇာတ်တော်နဲ့ ဘာရတဇာတ်
မင်းတုန်းလက်ထက် ကတဲ့ဇာတ်တွေ။
ဇာတ်တွေထဲက လူရွှင်တော်
ငနော်ဇာ၊ ငစွာ၊ ငခွာညို...တဲ့
သီပေါလက်ထက်ထင်ရှားသတဲ့။
ထင်ရှားတာတွေ မှန်ပါတယ်
ဒါပေမယ့်လည်းကွယ်....။

(၈)

ဘယ်ခေတ်မဆို၊ ဒို့ခေတ်လို
ဆိုကရေးတီးပြိုင်ပွဲ
မရှိခဲ့တာအမှန်ပဲ။
ဆိုကရေးတီးပြိုင်ပွဲ
ဒို့ခေတ်မှာသာရှိတာလည်း
ပြည်ထောင်စုရဲ့ မဟာမင်္ဂလာပွဲပါပဲ။ ။

သိန်းသန်းထွန်း

ဆုချီးမြှင့်

ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၃၁) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန် ဆုပေးပွဲကို အောက်တိုဘာ ၁ ရက်က ကျင်းပရာ ငါးနှစ်ဆက်တိုက် ပညာရည်ချွန် ပထမဆုရ မဖြိုးဖြိုးဝေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေး ဆုချီးမြှင့်စဉ်။ (က-ပ)

အင်းစိန် အထက(၂) မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို အောက်တိုဘာ ၁ရက်က ကျောင်းခန်းမ၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မေသန်းက ၂၀၀၄-၂၀၀၅ခုနှစ် အခြေခံပညာအထက်တန်းစာမေးပွဲ ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်ကောင်းမြတ်အား ဂုဏ်ပြု ရွှေတံဆိပ်နှင့် ဂုဏ်ပြုလက်မှတ် ပေးအပ်နေစဉ်။ (၆၁)

✧ ရှေ့ဖုံးမှ

အကဲဖြတ်ဒိုင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ကြိုဆိုနှုတ်ဆက်ပွဲ အခမ်းအနားအပြီးတွင် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် အမျိုးသားဇာတ်ရုံ ညှော်ခန်းမ၌ ဗဟိုအကဲဖြတ်ပညာရှင်ကြီးများ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ် ပညာရှင်များ၊ အကဲဖြတ်ဒိုင်များအနက် အသက်(၇၀)နှင့်အထက် ပညာရှင်ကြီးများနှင့် အကဲဖြတ်ဒိုင်များအား အားဆေးလက်ဆောင်များကို ပေးအပ်သည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊အတီးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ပြည်နယ်နှင့်တိုင်းများမှ ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

အားဆေးလက်ဆောင်ပေးအပ်

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တေရသမအကြိမ်(၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲတွင် ဗဟို အကဲဖြတ်ပညာရှင်ကြီးများ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ် ပညာရှင်များနှင့်အကဲဖြတ်ဒိုင်များအနက် အသက်(၇၀)နှင့်အထက် ပညာရှင်ကြီးတစ်ဦးအား အားဆေးလက်ဆောင်များ ပေးအပ်စဉ်။ (သတင်းစဉ်)

အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်/ တိုင်းများမှ အသင်းအုပ်ချုပ်သူများနှင့် လုပ်ငန်းညှိနှိုင်း

ရန်ကုန် အောက်တိုဘာ ၁၂

တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက ကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ ပြည်နယ်/ တိုင်းများမှ အသင်းအုပ်ချုပ်သူများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၅နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ အမှတ်(၃)စစ်ဒေသမှူး ဗိုလ်မှူးကြီးတင့်ဆန်းက အမှာစကား ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များနှင့် ပြည်နယ်နှင့် တိုင်းများမှ အသင်းအုပ်ချုပ်သူများက ပြိုင်ပွဲနှင့်ပတ်သက်၍ လုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ရုပ်သိမ်း

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ညှိနှိုင်းစီစဉ်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြိုင်ပွဲဝင် အနုပညာရှင်များနှင့် အသင်းအုပ်ချုပ်သူများသည် အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ ရောက်ရှိကြရာတွင် ရန်ကုန်တိုင်းမှ ပြိုင်ပွဲဝင်အနုပညာရှင်များနှင့် အုပ်ချုပ်သူများ စုစုပေါင်းအင်အား ၄၄၈ဦးတို့သည်လည်း ရောက်ရှိကြပြီဖြစ်သည်။

(သတင်းစဉ်)

တေရသမအကြိမ်(၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီ၏ ပြိုင်ပွဲအစီအစဉ်ဇယား

နေရာ		(အမျိုးသားပြတိုက်)	(အမျိုးသားဇာတ်ရုံ)	(ပန်တျာကျောင်း)	(ကမ္ဘောဇဇာတ်ရုံ)	(ပဒုမ္မာဇာတ်ရုံ)
စဉ်	ရက်စွဲ	အဆို	အက/ဇာတ်သဘင်	အရေး	အတီး	အတီး
၁။	၁၃–၁၀–၂၀၀၅ ကြာသပတေးနေ့	**မဲ့မှုဇာတေး (နံနက်)** (၁) ပညာရှင် (မ) **ခေတ်ဟောင်း/ကာလပေါ်(နေ့လယ်)** (၂) အခြေခံ(၁၀–၁၅) (ကျား)	**အမျိုးသမီးအက(နံနက်)** (၁) ပညာရှင် **အမျိုးသားအက (နေ့လယ်)** (၂) အခြေခံ (၁၅–၂၀)	သီချင်းစာသားရေး၊ တေးသွားထည့် (၁) အခြေခံ (၅–၁၀) (၂) ပညာရှင်	**ပတ္တလား** (၁) အခြေခံ(၁၅–၂၀)(ကျား+မ) (နံနက်) (၂) ဝါသနာရှင် (မ) (နေ့လယ်)	**စောင်း** (၁) အဆင့်မြင့် (ကျား+မ) (နံနက်) (၂) အခြေခံ (၁၅–၂၀) (ကျား) (နေ့လယ်) (၃) အခြေခံ (၁၀–၁၅)(မ) (နေ့လယ်)
၂။	၁၄–၁၀–၂၀၀၅ သောကြာနေ့	**မဲ့မှုဇာတေး (နံနက်)** (၁) အဆင့်မြင့် (မ) **ခေတ်ဟောင်း/ကာလပေါ်(နေ့လယ်)** (၂) အခြေခံ(၅–၁၀) (ကျား)	**အမျိုးသမီးအက(နံနက်)** (၁) ဝါသနာရှင် **အမျိုးသားအက (နေ့လယ်)** (၂) အခြေခံ (၅–၁၀) **ဝိဓူရဇာတ်တော်ကြီး (ညပိုင်း)** မဲကျရာအမှတ်(၁) ဇာတ်အဖွဲ့	သီချင်းစာသားရေး၊ တေးသွားထည့် (၁) အခြေခံ (၁၀–၁၅) (၂) ဝါသနာရှင်	**တယော** (၁) ဝါသနာရှင် (ကျား+မ)(နံနက်) (၂) အခြေခံ (၁၅–၂၀) (ကျား+မ) (နေ့လယ်)	**ဆိုင်းတစ်ဦးချင်း** (၁) အခြေခံ(၁၀–၁၅)(ကျား) (နံနက်) (၂) အခြေခံ (၅–၁၀) (ကျား) (နေ့လယ်)

တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယက၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲကျင်းပရေး ဗဟိုအကဲဖြတ်ပညာရှင်ကြီးများ၊ ပြည်နယ်နှင့်တိုင်းများမှ ပညာရှင်များနှင့် အကဲဖြတ်ဒိုင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

❍ ကျောဖုံးမှ

မြန်မာပညာရှင်များ အချိန်တိုအတွင်း အောင်မြင်စွာ တီထွင်ပြီးစီးခဲ့ပြီဖြစ်သည့်အတွက် မြန်မာများ မြန်မာအက္ခရာများကို ဂုဏ်ယူစွာဖြင့် ကွန်ပျူတာစနစ်တွင် သုံးစွဲနိုင်ပြီဖြစ်ကြောင်း။

မြန်မာစာရေးထုံးကိုက်ညီ

ယခုဖြန့်ချိလိုက်သည့် မြန်မာစာလုံးစနစ်မှာ မြန်မာစာရေးထုံးနှင့် ကိုက်ညီသည့် စာလုံးများကို **"မြန်မာစာအဖွဲ့"**၏ အကြံပြုချက်ဖြင့် ထည့်သွင်းထားကြောင်း၊ မည်သည့် ကွန်ပျူတာစနစ်တွင်မဆို အသုံးပြုနိုင်ကြောင်း၊ မြန်မာစာဖြင့် စာစီစာရိုက်ခြင်း၊ e-mail များပေးပို့ခြင်း၊ Web Pageများ ရေးသားခြင်းတို့ လုပ်ဆောင်နိုင်သည်ကို သိရကြောင်း။

ယခုထွက်ပေါ်လာသည့် မြန်မာစာလုံးစနစ်ကို အသုံးပြုရင်းနှင့်ပင် တွေ့ရှိလာမည့်အချက်များကို အကြံပြုကြပြီး ပိုမိုတိုးတက်ကောင်းမွန်လာအောင် လုပ်ဆောင်သွားကြရန် တိုက်တွန်းလိုကြောင်း၊ တီထွင်ပြီး Myanmar Unicode Font Installer Software ကို Myanmar Info-Tech က အင်တာနက်ပေါ် တင်ထားပြီးဖြစ်၍ မည်သူမဆို အခမဲ့အသုံးပြုနိုင်ကြောင်း။

ဘာသာပြန်ဆို

ဆက်လက်၍ ကမ္ဘာသုံးဘာသာစကားအမျိုးမျိုးကို မြန်မာဘာသာသို့ ကွန်ပျူတာဖြင့် ဘာသာပြန်ဆိုနိုင်ရန်ဆောင်ရွက်နေသော လုပ်ငန်းများကို အချိန်တိုအတွင်းပြီးစီးအောင်လုပ်ဆောင်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ကွန်ပျူတာသုံး မြန်မာစာစနစ် အကောင်အထည်ဖော်ခြင်းလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဦးက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ကွန်ပျူတာသုံး မြန်မာစာစနစ်အကောင်အထည်ဖော်ခြင်း လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းဦးက နိုင်ငံတော်သို့ Myanmar Unicode Font Installer Software ကို ပေးအပ်လှူဒါန်းရာ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က လက်ခံရယူသည်။

ယင်းနောက် မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဒါရိုက်တာ၊ ကွန်ပျူတာသုံး မြန်မာစာစနစ် အကောင်အထည်ဖော်ခြင်းလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒေါက်တာမြင့်မြင့်သန်းက ယူနီကုဒ်သုံး မြန်မာစာလုံးစနစ်(စမ်းသပ်အဆင့်)နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ယှဉ်ပြိုင်ကြရန်နှိုးဆော်

ရန်ကုန် အောက်တိုဘာ ၁၂

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့်ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၅ခုနှစ်အတွက် (၁၆)ကြိမ်မြောက် ကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခေါင်းစဉ်မှာ **"ဘက်စုံဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ"**ဖြစ်သည်။ ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးသန်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူး(ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ်(၂၂-၂၄) ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ ၂၀၀၅ခုနှစ် အောက်တိုဘာ ၁၅ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ဓာတ်ပုံ ပညာရှင်များနှင့် ဓာတ်ပုံဝါသနာရှင်များ အချိန်မီဝင်ရောက်ယှဉ်ပြိုင်နိုင်ကြရန် သက်ဆိုင်ရာက ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။

၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။

၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာ ရှင်သန်လာစေရန်။

လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် အောက်တိုဘာ ၁၂

လယ်တီဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ၃၃၇/က ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၈၈)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို အောက်တိုဘာ ၁၇ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ဖုန်း-၅၃၄၃၂၉ သို့ ဆက်သွယ်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

စွယ်တော်မြတ်စေတီတော် (ရန်ကုန်)တွင် အဘိဓမ္မာအခါတော်နေ့ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေတွင် တည်ထားကိုးကွယ်တော်မူသော ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) ဂန္ဓကုဋိတိုက်၌ (၁၃၆၇ခုနှစ် သီတင်းကျွတ်လပြည့်နေ့) အောက်တိုဘာ ၁၇ရက်တွင် အဋ္ဌမအကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့က ကြီးမှူး၍ ကျင်းပ ပူဇော်မည်ဖြစ်သည်။ (သတင်းစဉ်)

ကမ္ဘာ့ မျက်မမြင်ပပျောက်ရေးနေ့

World Sight Day

၂၀၀၅-ခုနှစ်၊ အောက်တိုဘာ (၁၃)ရက်

"အမြင်သန်စွမ်း ဒို့အခွင့်အလမ်း၊ ၂၀၂၀-အရောက်လှမ်း"

"Vision 2020-The Right to Sight Elimination of Avoidable Blindness"

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအား ဂျပန်ဖောင်ဒေးရှင်းအဖွဲ့တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအား ဂျပန်ဖောင်ဒေးရှင်းအဖွဲ့မှ Mr. Yazama Hideyukiနှင့် Mr. Ryuichi Tobaတို့သည် ယနေ့မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) ဘက်စုံအဆောက်အအုံသို့ လာရောက်တွေ့ဆုံပြီး မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက အသင်း၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမအတွင်းရှိ အသင်း၏ လှုပ်ရှားမှုလုပ်ငန်း မှတ်တမ်းဓာတ်ပုံများကို လိုက်လံပြသရှင်းလင်းသည်။ (သတင်းစဉ်)

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ကိုယ်စားလှယ် ဘောလုံးအကယ်ဒမီ သင်တန်းကျောင်း မြေနေရာကြည့်ရှု

ရန်ကုန် အောက်တိုဘာ ၁၂

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် ကိုယ်စားလှယ် အရှေ့တောင်အာရှနိုင်ငံများ ဘောလုံးဖွံ့ဖြိုးတိုးတက်ရေး ညွှန်ကြားရေးမှူး Mr. Windsor John သည် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်၏ ပံ့ပိုးထောက်ပံ့ကူညီမှုဖြင့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၌ တည်ဆောက်မည့် ဘောလုံးအကယ်ဒမီ သင်တန်းကျောင်း မြေနေရာကို အောက်တိုဘာ ၄ရက်တွင် သွားရောက်ကြည့်ရှုရာ အထက်မြန်မာပြည် အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ခေတ္တကျောင်းအုပ်ကြီး ဒုတိယညွှန်ကြားရေးမှူး ဦးမြေအောင်က လိုက်လံရှင်းလင်းပြသသည်။

အဆိုပါ ဘောလုံး အကယ်ဒမီ သင်တန်းကျောင်းကို ၂၀၀၅ ခုနှစ် နှစ်ကုန်ပိုင်းခန့်မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး အထက်မြန်မာပြည် ပြည်နယ်နှင့်တိုင်း အသီးသီးမှ အလားအလာရှိသော ဘောလုံးအားကစား ထူးချွန်သည့် မျိုးဆက်သစ် အားကစားမောင်မယ် လူငယ်များအား ဘောလုံးအခြေခံနည်းစနစ်ပညာမှ စတင်ပြုစုပျိုးထောင် လေ့ကျင့်ပေးသွားမည့် သင်တန်းကျောင်းဖြစ်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၃-၁၀-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၀၀ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၀ ၇။ အကပဒေသာ
- ၈:၂၀ ၈။ ဗိုလ်မြတ်ထွန်းတံတား
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Everyday Use
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ-ပထမနှစ် (ရက္ခဗေဒ၊သတ္တဗေဒအထူးပြု) (ရက္ခဗေဒ)
- ၅:၁၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၃၀ ၇။ အတီးပြိုင်ပွဲ
- ၅:၄၀ ၈။ **"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ" (လွင်မိုး၊မင်းမော်ကွန်း၊ဇာနည်၊ ကင်းကောင်၊စိုးမြတ်နန္ဒာ၊ လှအဥ္စလီတင့်၊ကြည်လဲ့လဲ့ဦး၊ ဝွမ်းပုံ)**
- ၅:၅၀ ၉။ မြန်မာစာ၊ မြန်မာစကား
- ၆:၀၅ ၁၀။ တေးဂီတအစီအစဉ်
- ၆:၁၅ ၁၁။ နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ဝက်ပါ" (အပိုင်း-၂၅)**
- ၇:၄၀ ၁၅။ တေးဂီတအစီအစဉ်
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ **၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ**
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မခွဲအတူ" (အပိုင်း-၁၉)**
- ၂၁။ **မြန်မာရုပ်ရှင် "သူတို့ခေတ်နှင့် သူတို့အရွယ်" (ကျော်သူ၊ ရန်အောင်၊ ရဲအောင်၊ ကျော်ရဲအောင်၊ မို့မို့မြင့်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်) ဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၁၂

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနသည် ရှေးဟောင်းသုတေသနပညာရှင်များ ပေါ်ထွန်းစေရန်နှင့် ရှေးဟောင်းသုတေသနပညာရပ်များကို ဘွဲ့လွန်ပညာရပ်တစ်ခုအဖြစ် ဆည်းပူးလေ့လာသင်ကြားနိုင်စေရန်အတွက် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့နယ် မှော်ဇာကျေးရွာအုပ်စု သရေခေတ္တရာမြို့ဟောင်း၌ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)ကို တည်ဆောက်လျက်ရှိရာ ယခုအခါ ပထမပိုင်းအဖြစ် သတ်မှတ်ထားသော စာသင်ဆောင်များ၊ အုပ်ချုပ်မှုအဆောင်များကို တည်ဆောက်ပြီးဖြစ်သဖြင့် မူလစီမံလျာထားချက်အတိုင်း ဘွဲ့လွန်ဒီပလိုမာသင်တန်းကို နိုဝင်ဘာ ၇ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။

ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)၌ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ရှေးဟောင်းသုတေသနဦးစီးဌာနနှင့် ယဉ်ကျေးမှုတက္ကသိုလ်(ရန်ကုန်)တို့ ပူးပေါင်း၍ ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာဒီပလိုမာသင်တန်း ၂၀၀၅-၂၀၀၆ ပညာသင်နှစ်ကို စတင်ဖွင့်လှစ်သင်ကြားမည်ဖြစ်သည်။

အဆိုပါ သင်တန်းသည် (၁)နှစ်တာကြာမြင့်မည်ဖြစ်သည်။ သင်တန်းပြီးဆုံး အောင်မြင်ပါက ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာ ဒီပလိုမာဘွဲ့လက်မှတ် " Post Graduate Diploma in Applied Archaeology " (P.G.D.A.A) ကို ပေးအပ်မည်ဖြစ်သည်။ (သတင်းစဉ်)

တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့် ရဲတပ်ဖွဲ့နေ့အခမ်းအနားတက်ရောက် မြစ်ကြီးနားမြို့ စံပြရော်ဘာမျိုးပွားခြံ ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၁၂

ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှကြီးမှူးကျင်းပသည့် (၄၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၇ နာရီတွင် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ကျင်းပရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်နှင့်ဇနီး၊ မြစ်ကြီးနား လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇော်ထွန်းနှင့်တပ်မတော်အရာရှိကြီးများ၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်မြို့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်ရဲတပ်ဖွဲ့ဝင်မိသားစုများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်က ဂုဏ်ပြုအမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစန်းလွင်က (၄၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့နှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး ထူးချွန်ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား ပြည်နယ် ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နံနက် ၈ နာရီတွင် တိုင်းမှူးသည် တာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက်ရှိဝန်းသိုကျောင်းတိုက်သို့ သွားရောက်၍ နိုင်ငံတော် ဩဝါဒစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တသီလာဝံသအား ဖူးမြော်ကန်တော့ပြီး သာသနာရေးဆိုင်ရာများလျှောက်ထားသည်။

ယင်းနောက် တိုင်းမှူးသည် ခေမာသီရိ ရပ်ကွက်ရှိ ခေမာသီဝံ ပရိယတ္တိစာသင်တိုက်၌ ရွှေတိဂုံပုံတူစေတီတော်တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြား ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ယုဇန ရပ်ကွက်ရှိ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း တိုးချဲ့စာသင်ဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေနှင့် အောင်နန်းရိပ်သာရပ်ကွက် ရပ်ကွက်အတွင်း လမ်းပြုပြင်ဆောင်ရွက်မှုများ အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် တိုင်းမှူးသည် မြစ်ကြီးနားမြို့ အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားပြီး ကျောင်းဆောင်များ၊ စာသင်ခန်းများနှင့် သိပ္ပံလက်တွေ့ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်း လိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် မလိခညောင်ရိပ်သာအနီးရှိ စံပြရော်ဘာမျိုးပွားခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ရော်ဘာစံပြပျိုးဥယျာဉ်အတွင်း ကိုင်းကူးစိုက်ပျိုးမည့် မြေငါးဧကနှင့် တိုက်ရိုက်မျိုးစေ့ချအပင် ပေါက်စိုက်ပျိုးမည့် မြေငါးဧက နေရာကို သတ်မှတ်ရွေးချယ်ပေးသည်။

(သတင်းစဉ်)

ဗောဓိနမ့်ဆန်ကျောင်း ဆွမ်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဥယျာဉ်တိုက် ဗောဓိနမ့်ဆန်ကျောင်း၏ ဆဋ္ဌမအကြိမ် စုပေါင်းဆွမ်းဆက်ကပ်လှူဒါန်းပွဲကို (သီတင်းကျွတ်လပြည့်နေ့) အောက်တိုဘာ ၁၇ရက် နံနက် ၉နာရီတွင်ကျင်းပမည်ဖြစ်ရာ မိသားစုဝင်များ၊ ဒါယကာ၊ ဒါယိကာမများ တက်ရောက်ကြရန်နှင့် လှူဖွယ်ဝတ္ထုအစုစုကို ဖုန်း- ၅၀၀၇၉၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

ဓာတ်ရောင်ခြည်အဖွဲ့ ဆေးပညာနှီးနှောဖလှယ်ပွဲ

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံဆရာဝန်အသင်း ဓာတ်ရောင်ခြည်အဖွဲ့ငယ်၏ ဆဋ္ဌမအကြိမ်မြောက် ဆေးပညာနှီးနှောဖလှယ်ပွဲကို နိုဝင်ဘာ ၄ရက်နှင့် ၅ရက်တို့တွင် မြန်မာနိုင်ငံဆရာဝန်အသင်း ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။

တက်ရောက်လိုသော ဓာတ်မှန်ဆရာဝန်များ၊ အဏုမြူရောင်ခြည်ဆိုင်ရာ ဆရာဝန်များ၊ ဓာတ်ရောင်ခြည်ဆေးကုသမှုဆိုင်ရာ ဆရာဝန်များနှင့် စိတ်ပါဝင်စားသော ဆရာဝန်များသည် နိုဝင်ဘာ ၁ရက်မှစ၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဓာတ်မှန်ဌာနတွင် လာရောက်စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)

သားဖွားမီးယပ်ပညာ ညီလာခံကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံဆရာဝန်အသင်း သားဖွားမီးယပ်ပညာအဖွဲ့က ကြီးမှူးကျင်းပမည့် (၇)ကြိမ်မြောက် မြန်မာနိုင်ငံသားဖွားမီးယပ်ပညာ ညီလာခံကို မြန်မာနိုင်ငံဆရာဝန် အသင်း(မန္တလေး)၌ အောက်တိုဘာ ၁၅ရက်နှင့် ၁၆ရက်တို့တွင် ကျင်းပမည်ဖြစ်ရာ သားဖွားမီးယပ်ပညာရှင်များနှင့် စိတ်ပါဝင်စားသူဆရာဝန်များ တက်ရောက်နိုင်သည်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ တိပိဋကဓမ္မရက္ခိတ ဗိမာန်တော် အပေါ်ဆုံးထပ် တိုးချဲ့ဆောက်လုပ်ရန် ဦးမြတ်သူအား ရည်စူး၍ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းမှ အလှူရှင်ဒေါ်ယဉ်ထွေးမိသားစုက ငွေကျပ်ငါးသိန်းကို တိပိဋကဓမ္မရက္ခိတ အကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစိန်တင့်(သီရိသုဓမ္မမဏိဇောတရေ)ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၄၈၅)ဖြန့်ချိ

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ စိုးရိမ်ရန်မလို၊ ကြေးဖောင်းကြွ မြန်မာ့အနုပညာလက်ရာ ပစ္စည်းများ နိုင်ငံခြားညှော်သည်တို့ ကြိုက်နှစ်သက်၊ မဂ္ဂဇင်းအသစ်တစ်အုပ်စီအရင်းပြု၍ ကြော်ငြာခလိမ်တောင်းသူများသတိထား၊ ပြည်ပတွင် တရားဝင် အလုပ်လုပ်ကိုင်နေသူများ သွင်းကုန်ပါမစ်လျှောက်ထားရန် နည်းလမ်းများ၊ ကွာလာလမ်ပူသို့ နေ့စဉ် တိုက်ရိုက်ပျံသန်းတော့မည်၊ ထားဝယ် ရေနက်ဆိပ်ကမ်း၏ ရှေ့အလားအလာ၊ အကောင်းဆုံးလက်ဖက်ရည်သမားကို ကျားဘညိမ်း ဆုချီးမြှင့်မည်၊ မြန်မာ့ပဲမျိုးစုံတင်ပို့ရာတွင် အဓိကထားရမည့်ဈေးကွက်၊ CITY FM အောင်လံ ဘယ်သူရနိုင်မလဲ၊ SMS ပို့၍ရသဖြင့် GSM ဖုန်းများ ပိုမိုလူကြိုက်များလာ၊ ကြေးနန်းကြိုးပန်းတဉ်းလက်ရာများ ပြည်ပသို့တင်ပို့နေရ၊ ချင်းတွင်းမြစ်ဆုံမှာ ရေယာဉ်မျိုးစုံတို့ ဆိုက်ကပ်လှုပ်ရှားနေ၊ ပွင့်လင်းရာသီမှာ ခရီးသွားမည့်သူများ သတိထားစရာ၊ ပန်းချီနှင့်ဂီတ ပေါင်းစပ်ကြသည့်ပွဲတွင် ခြောက်တန်းကျောင်းသားလေးက ဂစ်တာတီး၍ ဖျော်ဖြေ၊ ဇင်းမယ်မြို့တွင် နှစ် ၄၀ အတွင်း အဆိုးရွားဆုံးရေလွှမ်းခံရ၊ လူသုံးသောင်းကျော် သေဆုံးခဲ့ရသည့် အာရှတောင်ပိုင်းက ငလျင်ကြီး၊ ဟောင်ကောင်မှ အာရှအချမ်းသာဆုံး အမျိုးသမီးကြီး အမှုနိုင်၊ မားကို့စ်၏ ရတနာပစ္စည်းများ လေလံတင်ရောင်းချတော့မည်စသည့် ပြည်တွင်း၊ ပြည်ပသတင်းဝေဝေဆာဆာဖြင့် စီးပွားရေး၊ ကြီးပွားအောင်မြင်ရေး၊ ကျန်းမာရေး၊ အားကစား၊ အနုပညာ၊ ဗေဒင်၊ ဟာသ စသည့် ကဏ္ဍစုံလင်စွာပါဝင်သော အပတ်စဉ်ထုတ် ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၄၈၅)ကို သုတစွယ်စုံစာအုပ်တိုက် ဖုန်း-၂၀၂၀၈၉၊ ၂၀၀၅၁၂ က တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(အပေါ်ပုံ)** (သတင်းစဉ်)



ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်း ဓမ္မစိန္တာလမ်းနေ ဒေါ်မြမိသားစုက ဒေါ်မြ၏ အသက်(၈၃)နှစ်ပြည့် မွေးနေ့အဖြစ် အလှူငွေကျပ် ၃၁၀၀၀၀ကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် မိုး	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်း ရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြို့နယ်အဆင့် ကျောင်းကျန်းမာရေး အဆင့်မြင့်ကျောင်းထူထောင်ရေး ဆင့်ပွားနည်းပြသင်တန်းနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ကျောင်းကျန်းမာရေး ဘက်စုံစံပြဆု ချီးမြှင့်ပွဲကို အောက်တိုဘာ ၁၁ရက်က အမက (၂) ကျောင်းခန်းမ၌ ကျင်းပရာ သောက်သုံးရေ သန့်ရှင်းမှု ပထမဆုရ အထက(၃) ကျောင်းအား မြို့နယ်ပညာရေးမှူးဦးဝင်းရှိန် ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းဝင်းခိုင်အား ဂုဏ်ပြုဆု ပေးအပ်စဉ်။ (၃၂)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၃-၁၀-၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ မျိုးချစ်တပ်မတော်
၄:၂၀	၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅	၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၄:၅၅	၈။ မျိုးချစ်တပ်မတော်
၅:၀၀	၉။ **အဝေးသင်တက္ကသိုလ်ပညာရေးပို့ချမှု အစီအစဉ် -“"The Study of Immediate Inference. (ပထမနှစ်-ဒဿနိကဗေဒ)**
၅:၃၀	၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၆။ **ကာတွန်းအစီအစဉ် “ပင်ကင်းနဲ့ လိုက်ကင်း”(အပိုင်း-၁)**
၆:၅၀	၁၇။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ပျံသာပျံပါထက်အာကာ” (အပိုင်း-၁၆)**
၈:၀၀	၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။ မြဝတီရဲ့မြဝတီ
	၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “တရားရှင်” (အပိုင်း-၂၀)**
	၂၄။ သင့်အတွက်မနက်ဖြန်
	၂၅။ အပိတ်နှုတ်ဆက်စကား
	၂၆။ ပြီးပါပြီ။



အမျိုးသမီးများအား အလုပ်အကိုင်ရှာဖွေပေးအပ်

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော အမျိုးသမီးများအား အလုပ်အကိုင်ရှာဖွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့နယ်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး တက်ရောက် အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဟန်ဝင်းအောင်က အလုပ်အကိုင်ရှာဖွေပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလုပ်အကိုင် ရရှိသူများကိုယ်စား ပိုးနအထည်ချုပ်စက်ရုံမှ မသက်သက်ဆွေက ကျေးဇူးတင်စကား ပြောကြားသည်။

ပေးအပ်

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာလှမြင့်ထံသို့ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ အစောင် ၃၀၀ ကို လည်းကောင်း၊ ရန်ကုန် အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာသိမ်းက ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူထံသို့ အဖွဲ့ဝင် အဆိုပြုလွှာ အစောင် ၃၀၀ကို လည်းကောင်း ပေးအပ်ကြသည်။

လက်ခံရယူ

ယင်းနောက် ဦးသန်းထွန်း(ကံ့ကော်ရွှေပြည်)က ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း စေတနာစာသင်ဝိုင်းအတွက် ကံ့ကော်ရွှေပြည်တက္ကသိုလ်ဝင် စာမေးပွဲ အထူးထုတ် စာအုပ်အစုံ ၁၅၀နှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွက်တက္ကသိုလ်ဝင် စာမေးပွဲအထူး ထုတ်စာအုပ် ၄၂စုံတို့ကို ပေးအပ်လှူဒါန်းရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဆွေဆွေဦးနှင့် ရန်ကုန်အရှေ့ပိုင်း ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဒေါ်မူမူညိုတို့က လက်ခံရယူကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက် ရေးကြီးကြပ်ရေးအဖွဲ့ အနေဖြင့် အမျိုးသမီးများ၏ လူနေမှုဘဝမြင့်မားရေး၊ မိသားစုဝင်ငွေ တိုးတက်ရေးတို့အတွက် အလုပ်အကိုင်များရှာဖွေပေးလျက်ရှိရာ ယနေ့ကျင်းပသည့် အခမ်းအနားတွင် အထည်ချုပ်စက်ရုံလေးရုံနှင့် ဆေးဆိုးပန်းရိုက်စက်ရုံ တစ်ရုံတို့၌ အမျိုးသမီး ၃၀၀ကို အလုပ်အကိုင်များခန့်အပ်ပေးနိုင်ခဲ့ပြီး ၂၀၀၅ ခုနှစ်အတွင်း အမျိုးသမီး စုစုပေါင်း ၁၁၂၀အား အလုပ် အကိုင်များရှာဖွေခန့်ထားပေးခဲ့သည်။ (သတင်းစဉ်)

အမှာစကားပြောကြား

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက် ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသော အမျိုးသမီးများအား အလုပ်အကိုင်ရှာဖွေပေးအပ်ခြင်းအခမ်းအနားတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်နှင့် အဖွဲ့ဝင်များ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကုက္ကိုစုကျေးရွာနေပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ စကားဝိုင်းများဖွဲ့၍ ဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့တော်ဝန်ဖလား

မျက်မမြင်လမ်းလျှောက်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၂

နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် ၂၀၀၅ခုနှစ် (၁၄)ကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား မျက်မမြင်လမ်းလျှောက်ပွဲကို အောက်တိုဘာ ၁၅ရက် (စနေနေ့)တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

လမ်းလျှောက်ပွဲကျင်းပမည့်လမ်းကြောင်းမှာ ပြည်လမ်း ပြည်သူ့လွှတ်တော်ရှေ့မှ တာလွှတ်၍ ပြည်လမ်း၊ ဘုန်းကြီးလမ်း၊ မဟာဗန္ဓုလလမ်းအတိုင်း မြို့တော်ခန်းမရှေ့၌ ပန်းဝင်မည်ဖြစ်ရာ လမ်းလျှောက်ပွဲကျင်းပရာ လမ်းတစ်လျှောက် နံနက် ၅နာရီမှ ၈နာရီအထိ မော်တော်ယာဉ်များ သွားလာမှုကို ခေတ္တပိတ်ထားမည်ဖြစ်သည်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၁၂-၁၀-၂၀၀၅)

ကိုကိုးကျွန်း	၀ ဒသမ ၆၃ လက်မ
ကော့သောင်း	၀ ဒသမ ၂၈ လက်မ
မြင်းခြံနှင့်ဂွ	၀ ဒသမ ၂၀ လက်မ

ရွှေတံဆိပ်ဆုချီးမြှင့်

ဗိုလ်တထောင်မြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၈ရက်က ကျောင်းခန်းမ၌ကျင်းပရာ တက္ကသိုလ်ဝင်တန်း ဘာသာစုံဂုဏ်ထူးရှင် သက်ဆုဖြိုးဝေအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြသိန်း ရွှေတံဆိပ်ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ အဘိဓမ္မာအခါတော်နေ့ပူဇော်ပွဲနှင့် တရားပွဲ

ရန်ကုန် အောက်တိုဘာ ၁၂

၁၃၆၇ခုနှစ် သီတင်းကျွတ်လပြည့်နေ့တွင် ကျရောက်မည့် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၅၇)ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ပူဇော်ပွဲကို ၁၃၆၇ခုနှစ် သီ တင်းကျွတ်လပြည့် အောက်တိုဘာ ၁၇ရက်(တနင်္လာနေ့)မွန်းလွဲ ၁၂နာရီခွဲတွင် ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီး၊ အမှတ်(၄၉/၅၁)ရှိ အဘိဓမ္မရတနာဃရ၊ အဘိဓမ္မာဓမ္မဗိမာန်တော်ကြီး၌ ဆင်ယင်ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းသူ၊ အသင်းသားများအား ဖိတ်ကြားထားပြီးဖြစ်ပါသည်။ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

အဘိဓမ္မာအခါတော်နေ့ ပူဇော်ပွဲဓမ္မသဘင်ကို အောက်တိုဘာ ၁၆ရက် (တနင်္ဂနွေနေ့)တွင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ (D.Litt)၊ အောက်တိုဘာ ၁၇ရက်(တနင်္လာနေ့)တွင် ဘဒ္ဒန္တ ကောသလ္လ(ဓမ္မစေတီဆရာတော်)၊ အောက်တိုဘာ ၁၈ရက်(အင်္ဂါနေ့)တွင် ဘဒ္ဒန္တစန္ဒသူရိယ (အောင်စကြာဆရာတော်)တို့က နေ့စဉ် ည ၇နာရီမှစ၍ အဘိဓမ္မာဓမ္မဗိမာန်တော်ကြီးတွင် ဟောကြားမည်ဖြစ်သဖြင့် တရားနာကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

ဓမ္မပူဇာ တရားအားထုတ်ပူဇော်မည်

ရန်ကုန် အောက်တိုဘာ ၁၂

ကျေးဇူးတော်ရှင် ဗဟန်း ရွှေမင်းဝံဆရာတော်၏ သက်တော်(၅၈)နှစ်ပြည့် ဝိဇာတမင်္ဂလာကို ဆင်ယင်ကျင်းပမည်ဖြစ်ရာ တပည့်သံဃာတော်များနှင့် ယောဂီများက ရွှေမင်းဝံသာသနာ့ရိပ်သာဓမ္မဗိမာန်တော်၌ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) အောက်တိုဘာ ၁၇ရက်ညတွင် မြတ်စွာဘုရားရှင်အား ညလုံးပေါက် ဓမ္မပူဇာတရားအားထုတ် ပူဇော်ကြမည်ဖြစ်သည်။ (က-ပ)

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် စံပြကျေးရွာလေးရွာ၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဟောပြောဆွေးနွေး

ရန်ကုန် အောက်တိုဘာ ၁၂

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်နှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၄ရက်တွင် ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းရှိ ခန္တီးလေးစံပြကျေးရွာ၊ ခန္တီးကြီးစံပြကျေးရွာ၊ ကုက္ကိုစုစံပြကျေးရွာနှင့် သာလွန်စံပြကျေးရွာတို့သို့ သွားရောက်ပြီး သက်ကြီးဘိုးဘွားများအား ကန်တော့၍ ကျောင်းသား၊ ကျောင်းသူ ၇၂ဦးအား ငွေကျပ် ၁၀၅၉၀၀ တန်ဖိုးရှိ စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် ကျေးရွာပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဟောပြောဆွေးနွေးကြရာ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း သိကောင်းစရာများ၊ စည်းရုံးရေးဌာနကြီး တာဝန်ခံ ဒေါ်သန္တာဘုန်းဝင်းက ကျန်းမာရေးဆိုင်ရာများ၊ စည်းရုံးရေးဌာနကြီး အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်တင်တင်စန်းနှင့် ဒေါ်စိန်စိန်ဝင်းတို့က အမျိုးသမီးရေးရာ လုပ်ငန်းများနှင့် ရဲအုပ်သီတာရှိန်က လူကုန်ကူးမှုအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်းများကို ဟောပြော ဆွေးနွေးကြသည်။ ဟောပြောဆွေးနွေးပွဲများတွင် ကျေးရွာပြည်သူများက အမျိုးသမီးရေးရာအဖွဲ့ဝင် အဆိုပြုလွှာများကိုပေးအပ်ကြသည်။

ယင်းနောက် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော်များအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ် လှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)

လျော်ကားဥယျာဉ် သီတင်းကျွတ်လပြည့်နေ့တွင် ဖွင့်လှစ်မည်

ရန်ကုန် အောက်တိုဘာ ၁၂

သစ်တောဦးစီးဌာန လျော်ကားဥယျာဉ်ကို အပတ်စဉ် တနင်္လာနေ့တိုင်း ပိတ်ပြီး နေ့စဉ်ပုံမှန် နံနက် ၈နာရီမှ ညနေ ၄နာရီအထိသာ ဖွင့်လှစ်သော်လည်း အများပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေအနားယူလေ့လာနိုင်ရန် အောက်တိုဘာ ၁၇ရက် တနင်္လာနေ့(သီတင်းကျွတ်လပြည့်နေ့)တွင် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည် ဖြစ်သည်။(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့၏ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲတွင် ရိုးရာ အစားအစာများအကြောင်း တာဝန်ရှိသူများက ဧည့်သည်တော်များအား ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့၏ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲကို ယနေ့ နံနက် ၁၀နာရီမှ ၁၂နာရီအထိ ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်း အမှတ်(၁၃၂)ရှိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ခန်းမကြီး၌ကျင်းပသည်။

တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယက အဖွဲ့ဝင် ဒေါ်ခင်လေးသက်နှင့်နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်ခင်ခင်ဝင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ၊ ဒေသစည်းရုံးရေးမှူးများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းအမှုဆောင်များ၊ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ တက်ရောက်အားပေးကြသည်။

တိုင်းရင်းသားရိုးရာ အစားအစာရောင်းချပွဲတွင် ရောင်းချသောအစားအစာများမှာ ကချင်ရိုးရာငါးမီးအုံးဟင်းလျာ၊ ချင်းရိုးရာ ဆာဘူသီးအစားအစာ၊ ရှမ်းရိုးရာ ငါးထမင်းနယ်တို့ဖြစ်ပြီး တိုင်းရင်းသားရိုးရာ အစားအစာများအကြောင်း သိကောင်းစရာများနှင့် ပြင်ဆင်ချက်ပြုတ်ပုံ၊ အာဟာရဓာတ်ပြည့်ဝပုံတို့ကို တာဝန်ရှိသူများက ဧည့်သည်တော်များအား ရှင်းလင်းတင်ပြကြသည်။ (သတင်းစဉ်)

ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့ ပူဇော်ပွဲများ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၂

ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့(အင်းစိန်)က ကြီးမှူး၍ (၁၁)ကြိမ်မြောက် ဆွမ်း၊ ဆီမီး၊ ရေချမ်း၊ နံ့သာ၊ သကြားလုံး ၉၉၀၀စီ ပူဇော်ပွဲကို ဒီဇင်ဘာ ကျောင်းပိတ်ရက်တွင် ရှမ်းပြည်နယ် အင်းလေးဖောင်တော်ဦး ရုပ်ပွားတော်မြတ်ဂန္ဓကုဋိတိုက် ရင်ပြင်တော်၌ ကျင်းပရန် စီစဉ်ထားပြီး တောင်ကြီးမြို့ ဘုရားစုံနှင့် စူဠာမဏိ(တောင်ကြီး)၊ မွေတော်ကက္ကူ၊ ရွှေဥမင်(ပင်းတယ) ဘုရားများ၌ ဆီမီး၊ နံ့သာ ၉၉၀၀ စီ ပူဇော်ပွဲများ ကျင်းပရန် စီစဉ်ထားသည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါပူဇော်ပွဲများသို့ ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀အဖွဲ့မှ မဟာဒုက်ဘုရားမဲရောင်းချပေးသူများနှင့်ဘုရားမဲပေါက်သူများအား စရိတ်ငြိမ်းခေါ်ဆောင်သွားမည်ဖြစ်ရာ လိုက်ပါလိုသူများသည် လူဦးရေကန့်သတ်ထားသဖြင့် ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀အဖွဲ့ စုပေါင်းရုံးဝင်း အင်းစိန်မြို့နယ်သို့ ကိုယ်တိုင်ဆက်သွယ်နိုင်ပြီး ဆီမီးနှင့်နံ့သာ ၉၉၀၀ စီပူဇော်ပွဲအတွက် ငွေကျပ် ၁၃၅၀၀၀၊ ဆွမ်း၊ ရေချမ်း၊ သကြားလုံး ၉၉၀၀ စီ ပူဇော်ပွဲအတွက် ငွေကျပ် ၁၈၀၀၀၀၊ ပင့်သံဃာဆရာတော် တစ်ပါးလျှင် ဆွမ်းဆန်တော် တစ်အိတ်နှင့် ထီး၊ ဖိနပ်၊ ယပ်၊ သင်္ကန်းအတွက် ငွေကျပ် ၁၇၁၀၀တို့ဖြင့် လှူဒါန်းလိုသူများသည် ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း) ဖုန်း–၀၁–၆၄၀၄၈၇၊ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ–တောင်တွင်းကြီး) ဖုန်း–၀၁–၆၄၀၄၈၉၊ ဦးစိုင်းဘုန်းထူး–ဒေါ်ဖြူဖြူညွန့်(စိုင်းဘုန်းထူး၊ဗီဒီယို–ဓာတ်ပုံစတူဒီယို) (၄၈)လမ်း ဗိုလ်တထောင်မြို့နယ် ဖုန်း–၀၁–၂၉၂၆၄၄နှင့် ၂၉၄၆၀၆ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

စိတ်ကြွရူးသွပ်ဆေးဝါးအန္တရာယ် နှိုးဆော်ချက်

စိတ်ကြွရူးသွပ်ဆေးသည် လူ၏စိတ်ကိုပြောင်းလဲစေသော ဆေးဝါးတစ်ခုဖြစ်သဖြင့် ၁၉၇၁ခုနှစ် မူးယစ်ဆေးဝါးဆိုင်ရာ ကုလသမဂ္ဂညီလာခံ၏ ထိန်းချုပ်ကွပ်ကဲမှုအရ တားမြစ်ထားသော ဆေးဝါးတစ်ခုဖြစ်သည်။

စိတ်ကြွရူးသွပ်ဆေးကိုသုံးစွဲပါက အောက်ဖော်ပြပါရောဂါလက္ခဏာများ ဖြစ်ပွားနိုင်ပါသည်–

* **နှလုံးခုန်မြန်ခြင်း၊ သွေးတိုးခြင်း၊ ဆေးအလွန်အကျွံ သုံးစွဲပါက တက်ခြင်းနှင့် ရုတ်တရက်သေဆုံးတတ်ခြင်း၊**
* **ကိုယ်ပူရှိန်တက်ခြင်း၊ ချွေးထွက်များခြင်း၊ အပူလွန်ကဲခြင်းဖြစ်ပြီး သေဆုံးတတ်ခြင်း၊**
* **စိတ်ကြွဆေးကိုစွဲလမ်းသွားပြီး မသုံးစွဲရလျှင် မနေနိုင်ဖြစ်လာခြင်း၊**
* **အအိပ်အနေနည်းလာခြင်း၊ မည်သူတစ်ဦးတစ်ယောက်မှ ပြောဆိုခြင်း မရှိဘဲ နားထဲတွင် ခြိမ်းခြောက်သောအသံများ ကြားလာတတ်ခြင်း၊**
* **ဂနာမငြိမ် ယောက်ယက်ခတ်လှုပ်ရှားမှုများခြင်း၊ သည်းမခံနိုင်ခြင်း၊ မထင်မှတ်ဘဲကြမ်းတမ်းသော အမူအရာဖြစ်တတ်ခြင်း၊ ပတ်ဝန်းကျင်ရှိ လူများက မကောင်းကြံစည်နေသည်ဟု ထင်ယောင်ထင်မှား ဖြစ်ကာ ရာဇဝတ်မှုများ ဖြစ်ပွားနိုင်ခြင်း၊**
* **ရေရှည်သုံးစွဲရာမှ သုံးစွဲမှုကိုရပ်ဆိုင်းလိုက်လျှင် စိတ်ဓာတ်ကျ၍ သတ်သေချင်စိတ်ဖြစ်ခြင်း** စသည့် ရောဂါများ ဖြစ်ပွားနိုင်ပါသည်။
* **လူမှုရေးပြဿနာများအနေနှင့်**
  - မူးယစ်ဥပဒေအရ အရေးယူခံရခြင်း
  - ပတ်ဝန်းကျင်၌ သိက္ခာကျဆင်းခြင်း
  - မိသားစုအတွင်း ဆက်ဆံရာတွင် အဆင်မပြေခြင်း၊ မိသားစုများ စိတ်ဆင်းရဲရခြင်း
  - မိမိ၏လုပ်ငန်းဆောင်တာများတွင် မှားယွင်းသော ဆုံးဖြတ်ချက်များပြုလုပ်တတ်ခြင်း
  - ရာဇဝတ်မှုမကင်းသည့် အပြုအမူများ ပြုလုပ်တတ်လာခြင်း

စသည့်ပြဿနာများနှင့် ကြုံတွေ့ရမှာဖြစ်ပါသည်။

သို့ပါ၍ စိတ်ကြွရူးသွပ်ဆေးသုံးစွဲမှုကြောင့် ဖြစ်ပွားနိုင်သည့်ရောဂါများ၊ လူမှုရေးပြဿနာများမှ ကင်းဝေးစေရန် စိတ်ကြွရူးသွပ်ဆေးကို လုံးဝရှောင်ကြဉ်ပါ။

စိတ်ကြွရူးသွပ်ဆေးကို သုံးစွဲမိနေပါကလည်း ဆေးဖြတ်ရန်ကြိုးပမ်းပါ။ သတ်မှတ်ထားသော ဆေးရုံများတွင် မှတ်ပုံတင်၍ ဆေးဝါးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

ဆွမ်းသိမ်းအောင်ပွဲနှင့် တရားပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၂

တာမွေမြို့နယ် ပျားရည်ကုန်းရပ်ကွက်လုံးဆိုင်ရာ အောင်ဓမ္မာရုံတွင် (၁၂)ကြိမ်မြောက် ဆွမ်းသိမ်းအောင်ပွဲအဖြစ် အောက်တိုဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းပြီး ညနေ၆နာရီတွင် ဝါတွင်းကာလ ဆွမ်းအောင်ပွဲအဖြစ် ဓမ္မဒူတ ဇေတဝန်တောရကျောင်း(မှော်ဘီ)မှ ဓမ္မဒူတ အရှင်စန္ဒောဒယက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

(က–ပ)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်ရှား

ရန်ကုန် အောက်တိုဘာ ၁၂

၂၀၀၅ခုနှစ် အောက်တိုဘာ ၁၁ရက် မြန်မာစံတော်ချိန် နံနက် ၉နာရီ ၃၈မိနစ် ၃၀စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ တောင်ဘက်မိုင် ၈၇၀ခန့် ကွာဝေးသော မြန်မာနိုင်ငံပြင်ပ(အင်ဒိုနီးရှားနိုင်ငံဆူမားတြားကျွန်းဘန်ဒါအာချေးမြို့၏ တောင် – အနောက်တောင်ဘက်မိုင်၅၀ခန့်အကွာ ပင်လယ်ပြင်)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး၆ ဒသမ ၀အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (သတင်းစဉ်)

မြန်မာဇာတ်ကားများ ဆက်လက်ရုံတင်ပြသ လင်းနို့လူသားဇာတ်ကား နေပြည်တော်ရုံ၌ပြမည်

ရုပ်ရှင်

ရန်ကုန် အောက်တိုဘာ ၁၂

လာမည့်သောကြာနေ့ အောက်တိုဘာ ၁၄ ရက်တွင် မြန်မာရုပ်ရှင်ကားသစ်များရုံဝင်ခြင်းမရှိဘဲ ပြသဆဲမြန်မာ ဇာတ်ကားများဖြစ်သည့် "ပျော်လိုက်ရအောင်" ဟာသဇာတ်ကားနှင့် ပုဂံနောက်ခံသမိုင်းဇာတ်ကားဖြစ်သော "ချစ်သောအရိမဒ္ဒနပူရ၏ မဟာအောင်ပွဲ" ဇာတ်ကားတို့ ဆက်လက်ပြသနေသည်။

ပျော်လိုက်ရအောင်

ရွှေတောင် ရုပ်ရှင်ထုတ်လုပ်ရေးမှ ပုဏ္ဏမီ၏ဝတ္ထုကို ကိုအောင်မင်းသိမ်းနှင့်အောင်ကြီးတို့ဇာတ်ညွှန်းရေးသားကာ ကိုဇော်(အရဏ်ဦး)ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးသည့် ပျော်လိုက်ရအောင် ဇာတ်ကားမှာ ဟာသအသားပေးဇာတ်ကားဖြစ်ပြီး သရုပ်ဆောင်များ၏ စရိုက်အမျိုးမျိုးကို ပီပြင်စွာ သရုပ်ဆောင်ရိုက်ကူးထား၍ ပရိသတ်အကြိုက်တွေ့နေဆဲ ဟာသကား တစ်ကားဖြစ်သည်။

အကယ်ဒမီ လွင်မိုး၊ အကယ်ဒမီ စိုးမြတ်နန္ဒာနှင့် ခိုင်သင်းကြည်တို့ ခေါင်းဆောင် ပါဝင်ထားကြပြီး သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသနေသည်။

အရိမဒ္ဒနပူရ၏မဟာအောင်ပွဲ

မဟာထွန်းရုပ်ရှင်မှ ဦးအောင်ကြိုင် (ရှေးဟောင်းသုတေသနဦးစီးဌာန) ၏ ဝတ္ထုကို အကယ်ဒမီခင်လေးသိမ့် ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ ကြည်ဖြူသျှင် ရိုက်ကူးသည့် ချစ်သော အရိမဒ္ဒနပူရ၏မဟာအောင်ပွဲဇာတ်ကားမှာထူးထူးခြားခြား သမိုင်းနောက်ခံပြု ဇာတ်ကားတစ်ကားဖြစ်၍ ပရိသတ်၏ အားပေးမှုကြောင့် မြို့လယ်ရှေ့ဆောင် ရုံတွင်ဆက်လက်ပြသနေဆဲဖြစ်သည်။

ကျန်စစ်မင်း သမိုင်းနောက်ခံပြု ဇာတ်ကားဖြင့် ပရိသတ်အကြိုက် တွေ့ခဲ့ရသည့် အကယ်ဒမီလူမင်း၏ ပီပြင်သောသရုပ်ဆောင်မှုများကိုလည်း ဤဇာတ်ကားတွင် ဆက်လက်ရှုစားရမည်ဖြစ်သည်။

အကယ်ဒမီလူမင်း၊ အကယ်ဒမီ ကျော်သူ၊အကယ်ဒမီရဲအောင်၊အကယ်ဒမီ နေအောင်၊ ဖြိုးငွေစိုး၊ အကယ်ဒမီ နန္ဒာလှိုင်၊အကယ်ဒမီမေသန်းနု၊အကယ်

ရွှေ့ဆောင်ရုံတွင် ပြသဆဲ ဖြစ်သော ချစ်သော အရိမဒ္ဒနပူရ၏ မဟာအောင်ပွဲဇာတ်ကားမှ ဇာတ်ဝင်ခန်း တစ်ခန်း ကိုတွေ့ရစဉ်။

ဒမီ ခင်သီတာထွန်းနှင့် စည်သူမောင်တို့ ပါဝင်သရုပ်ဆောင်ထားကြသည်။

နိုင်ငံခြားရုပ်ရှင်

အောက်တိုဘာ ၁၄ရက်(သောကြာနေ့)တွင် နိုင်ငံခြားဇာတ်ကားသစ်တစ်ကားဖြစ်သည့် BATMAN BEGINS အမည်ရှိ လူငယ်လူလတ်ကြိုက် လင်းနို့လူသား ဇာတ်ကား နေပြည်တော်ရုံတွင် တင်ဆက်ပြသမည်ဖြစ်သည်။ ဒါရိုက်တာ Christopher Nolan ရိုက်ကူးထားခြင်းဖြစ်ပြီး Christian Bale နှင့် Katie Holmes တို့ ပါဝင်သရုပ်ဆောင်ထားကြသည့် စွန့်စားမှုအသားပေးဇာတ်ကားဖြစ်သည်။ (ကြေးမုံ)

ပြသဆဲပျော်လိုက်ရအောင် ဟာသဇာတ်ကားမှ အကယ်ဒမီလွင်မိုးနှင့် ကင်းကောင်တို့၏သရုပ်ဆောင်မှုကို တွေ့ရစဉ်။

ဒုတိယအကြိမ် ကြည့်မြင်တိုင်ကျောင်းကြီးတိုက် မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် အထူးတရားပွဲ

"သစ်ဆန်းကြားနာ၊စင်ကြယ်စွာသား"
ယုံမှားပယ်တတ်၊ ဖြောင့်မတ်ယူမြင်၊
စိတ်ကြည်လင်ရီး၊ ဤငါးမျိုးသည်
တရားနာရာအကျိုးတည်း။ ။

အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဗုဒ္ဓဘုရား ဟောကြားတော်မူသည့်အတိုင်း ဘုရားရှင်၏ တရားတော်များကို ရိုသေစွာ နာကြားရသူတိုင်း အထက်ပါ အကျိုးတရားငါးပါးတို့ဖြင့် ပြည့်စုံကြစေရန် ရည်စိတ်သန်၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးတိုက်အတွင်း ကိန်းဝပ် စံပယ်လျက်ရှိသော မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး၏ ဒုတိယအကြိမ် ဗုဒ္ဓပူဇနိယ ပွဲတော်ကြီးတွင် တစ်ဖက်ပါ အစီအစဉ်အတိုင်း အထူးတရားပွဲသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါ၍ သဒ္ဓါတရား ဦးထိပ်ထားလျက် တရားနာ ကြွရောက်ပါရန် ကောင်းမြတ်သော မနသီ၊ ရွှင်ကြည်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

ဟောကြားမည့်ဆရာတော်ကြီးများ	ဟောကြားမည့်နေ့ရက်
စစ်ကိုင်းတောင်ရိုး၊ သဒ္ဓမ္မသီတဂူချောင် ဓမ္မကထိက ဗဟုဇနဟိတရေ၊ သီတဂူကြယ်တပွင့်၊ အရှင်ပညာနန္ဒ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့် တနင်္လာနေ့ (၁၇–၁၀–၂၀၀၅)
ဓမ္မကထိက၊ ဗဟုဇနဟိတရေ၊ ဓမ္မာစရိယ ဓမ္မဒူတ အရှင်ဆေကိန္ဒ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၁)ရက် အင်္ဂါနေ့ (၁၈–၁၀–၂၀၀၅)
ရွှေဘိုမြို့ပုခန်းကျောင်းတိုက် ပဓာနနာယက နိုင်ငံတော်သံဃမဟာနာယက(အဖွဲ့ဝင်) အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဘဒ္ဒန္တ ဝိမလာဘိဝံသ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၂)ရက် ဗုဒ္ဓဟူးနေ့ (၁၉–၁၀–၂၀၀၅)
တိပိဋကရေ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာအကျော် ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ(ယော)ဆရာတော်	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၃)ရက် ကြာသပတေးနေ့ (၂၀–၁၀–၂၀၀၅)
မွန်ပြည်နယ်၊ မုဒုံမြို့၊ ဓမ္မဒူတကျောင်းတိုက် ပဓာန နာယက ဂဏဝါစက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ဘဒ္ဒန္တ ကောသလ္လ(မုဒုံဆရာတော်)	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၄)ရက် သောကြာနေ့ (၂၁–၁၀–၂၀၀၅)
ပထမကျော် ဓမ္မာစရိယ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ)	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၅)ရက် စနေနေ့ (၂၂–၁၀–၂၀၀၅)
တိပိဋက ပါဠိပါရဂူ ရွှေရတုတိပိဋကရေ တိပိဋကကောဝိဒ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၆)ရက် တနင်္ဂနွေနေ့ (၂၃–၁၀–၂၀၀၅)
အနောက်ဂန္ဓဂေါ မုံလယ်တောရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ သံဝရ	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၇)ရက် တနင်္လာနေ့ (၂၄–၁၀–၂၀၀၅)
စစ်ကိုင်းတောင်ရိုး၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အဓိပတိ မဟာဓမ္မကထိက ဗဟုဇနဟိတရေ သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (D.Litt), Ph. D	၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်ကျော်(၈)ရက် အင်္ဂါနေ့ (၂၅–၁၀–၂၀၀၅)

အထူးတရားပွဲအစီအစဉ်

ကျင်းပမည့်နေ့ရက်

၁၃၆၇ ခု၊ သီတင်းကျွတ်လပြည့်နေ့မှ သီတင်းကျွတ်လပြည့်ကျော်(၈)ရက်နေ့ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာလ(၁၇)ရက်နေ့မှ (၂၅)ရက်နေ့ထိ

ကျင်းပမည့်နေရာ

မဟာသကျမုနိရုပ်ပွားတော်မြတ် ဂန္ဓာကုဋိတန်ဆောင်းတော်ကြီး၊ ကျောင်းကြီးတိုက်၊ ကျောင်းကြီးလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။

ကျင်းပမည့်အချိန်

ညစဉ်(၇း၀၀)နာရီ

သာသနာ့ဗိမာန်ရိပ်သာ (အင်းစိန်) ဘုံကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းမည်

ရန်ကုန် အောက်တိုဘာ ၁၂

နှစ်စဉ်ကျင်းပမြဲဖြစ်သော (၁၆)ကြိမ်မြောက် ဘုံကထိန်လျာသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၃၀ရက် (တနင်္ဂနွေနေ့)တွင် အင်းစိန်မြို့နယ် ကြို့ကုန်းအရှေ့ရပ်ကွက် မဟာသုခိတာလမ်းရှိ မဟာစည်သြဝါဒခံ သာသနာ့ဗိမာန်ရိပ်သာ၌ သာသနနုဂ္ဂဟအဖွဲ့နှင့် စေတနာရှင်များက စုပေါင်းကျင်းပမည်ဖြစ်သည်။

အလှူရှင်များကိုယ်တိုင် သင်္ကန်းများ ဆက်ကပ်လှူဒါန်းနိုင်ရန် စီစဉ်ထားရာ သာသနနုဂ္ဂဟအဖွဲ့ ရုံးဖုန်း–၆၄၁၃၂၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် သာသနဗိမာန်ရိပ်သာ ဆရာတော် ဘဒ္ဒန္တဝါယာမာဝုဓ (မဟာကမ္မဋ္ဌာနာစရိယ)က အနုမောဒနာတရား ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

တစ်ပြည်လုံးတွင် မိုးလျော့နည်းမည်

ရန်ကုန် အောက်တိုဘာ ၁၂

လွန်ခဲ့သော ၂၄နာရီအတွင်းက ချင်းပြည်နယ်တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး၊ ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။

တိမ်ထူထပ်

ယနေ့နံနက် မြန်မာစံတော်ချိန် ဝ၆း၃ဝနာရီအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ရာနှုန်း ၈၀

အောက်တိုဘာ ၁၃ရက် ညနေအထိ ခန့်မှန်းချက်မှာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း(အထက်ပိုင်း)တို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် မိုးလျော့နည်းမည်။

မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ဘည်းကျောက်စာဖွင့်

ရန်ကုန် အောက်တိုဘာ ၁၂

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၂၉) အခြေခံပညာမူလတန်းကျောင်းတွင် ပညာရေးမျှော်မှန်းချက် ကမ္ဘည်းကျောက်စာတိုင်ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို ယနေ့နံနက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးတင့်လွင်နှင့် မိဘဆရာအသင်းနာယက၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သာထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် ကမ္ဘည်းကျောက်စာတိုင် အလှူရှင် ဦးသက်လွင်–ဒေါ်သီတာအေး (ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်) မိသားစုက စုစုပေါင်းတန်ဖိုး ၁၄၀၀၀၀ကျပ်ကျသည့်စာရွက်စာတမ်းများကိုပေးအပ်လှူဒါန်းသည်။**(အပေါ်ပုံ)** ဆက်လက်၍ ကျောင်းသားမိဘဖြစ်သူ ဦးဇော်မျိုးနိုင်–ဒေါ်မိမိခိုင်မိသားစုက အလှူငွေကျပ် ၅၀၀၀၀ ကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သာထွန်းနှင့် အတွင်းရေးမှူး ဦးဝမ်နီတို့ထံ ပေးအပ်လှူဒါန်းကြောင်းသိရသည်။

(ပညာရေး)

ကွယ်လွန်သူ အဖဦးအုန်းမြ–အမိ ဒေါ်ရင်မေအား ရည်စူး၍ သာကေတမြို့နယ် (၅)ရပ်ကွက် သီဂီ(၃)လမ်းနေ သားသမီးများက နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ လက်ခံရယူပြီး မှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

သတိပေးနှိုးဆော်ချက်

၁။ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့တားမြစ်ထားသော်လည်း ယမန်နှစ်၂၀၀၄ခုနှစ်၊သီတင်းကျွတ်ကာလနှင့်တန်ဆောင်တိုင်ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း)များအား–

(က) ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု ၂၀၇ မှုတွင်တရားခံ ၂၁၀အားအနည်းဆုံးထောင်ဒဏ်နှစ်နှစ်မှအများဆုံးထောင်ဒဏ်သုံးနှစ်အထိ ချမှတ်အရေးယူခဲ့သည်။

(ခ) ဖောက်ခြင်း၊ ပစ်လွှတ်ခြင်းများ ပြုလုပ်သဖြင့် အရေးယူမှု ၁၀၇မှုတွင် တရားခံ ၁၆၀အား အနည်းဆုံး ထောင်ဒဏ်တစ်နှစ်မှ အများဆုံးထောင်ဒဏ်နှစ်နှစ်အထိ ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၅ ခုနှစ်၊ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင် ကာလများတွင် ဖြောက်အိုး၊ မီးရှူးနှင့် ဒုံးများ (ရှူးဒိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ပါက ယခင်နှစ်များနည်းတူ အောက်ပါအတိုင်း အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်–

(က) ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေအရ အများဆုံးထောင်ဒဏ်အထိ ချမှတ်မည် ဖြစ်ပါသည်။

(ခ) ပစ်လွှတ်သည့်နေရာ အနီး၊ အဝေး၊ အနိမ့်နှင့် အမြင့်တို့တွင် ပေါက်ကွဲစေတတ်သော ဖြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးဒိုင်း) ဖောက်လျှင် တည်ဆဲဥပဒေအရ အများဆုံးထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အောက်တိုဘာ ၁၂ ရက်က တေရသမအကြိမ် (၁၃ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ နာယက၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တေရသမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေးအတီးပြိုင်ပွဲတွင် ဗဟိုအကဲဖြတ် ပညာရှင်ကြီးများ၊ ပြည်နယ်နှင့်တိုင်းများမှအကဲဖြတ်ပညာရှင်များနှင့် အကဲဖြတ် ဒိုင်များ အနက် အသက်(၇၀)နှင့် အထက် ပညာရှင်ကြီးတစ်ဦးအား အားဆေးလက်ဆောင်များ ပေးအပ်စဉ်။ (သတင်း–ရှေ့ဖုံး)(သတင်းစဉ်)

မြန်မာအိုင်တီပညာရှင်များနှင့် မြန်မာစာအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုအောင်ပွဲ

မြန်မာအက္ခရာ ဗျည်း၊ သရ၊ ဂဏန်းနှင့် အထူးပြု အမှတ်အသားအားလုံးကို ဒစ်ဂျစ်တယ်ပုံစံဖြင့် ကွန်ပျူတာစနစ် အမျိုးမျိုးပေါ်တွင် အသုံးပြုနိုင်ပြီ

ရန်ကုန် အောက်တိုဘာ ၁၂

အီလက်ထရွန်နစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိသော ကွန်ပျူတာသုံး မြန်မာစာစနစ်အကောင်အထည်ဖော်ခြင်း သုတေသနလုပ်ငန်း၏ ယူနီကုဒ် (Unicode)**သုံး မြန်မာစာလုံးစနစ် ဖြန့်ချိခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် လှိုင်တက္ကသိုလ်နယ်မြေရှိ** Myanmar Info-Tech **ခန်းမဥ္စကျင်းပရာ အီလက်ထရွန်နစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူ များ တက်ရောက်ကြသည်။

ရှေးဦးစွာ အီလက်ထရွန်နစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အဖွင့်အမှာစကား ပြောကြားရာတွင် မြန်မာ IT ပညာရှင်များနှင့် မြန်မာစာအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှု အောင်ပွဲအဖြစ် မြန်မာအက္ခရာ ဗျည်း၊သရ၊ ဂဏန်းနှင့် အထူးပြု အမှတ်အသားအားလုံးကို Digital ပုံစံဖြင့် ကွန်ပျူတာစနစ် အမျိုးမျိုးပေါ်တွင် အသုံးပြုနိုင်ပြီဖြစ်ကြောင်း။ ပထမဦးဆုံး ပေါ်ထွက်လာသည့် Unicode စစ်စစ် မြန်မာစာလုံးစနစ်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ICT ဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူဖြစ်စေနိုင်သည့် စွမ်းဆောင်မှုတစ်ခု ဖြစ်ကြောင်း။

ကမ္ဘာ့ ISO အသိအမှတ်ပြု Myanmar Character Code Set များကို Unicode မြန်မာစာလုံးစနစ်အဖြစ် **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❍

အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိသော ကွန်ပျူတာသုံး မြန်မာစာစနစ် အကောင်အထည်ဖော်ခြင်း သုတေသနလုပ်ငန်း၏ ယူနီကုဒ်သုံး မြန်မာစာလုံးစနစ် ဖြန့်ချိခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဘာရင်ကျွန်း၌ မီးတောင်ပေါက်ကွဲ

ရန်ကုန် အောက်တိုဘာ ၁၂

အိန္ဒိယနိုင်ငံ မဒရပ်စ် မိုးလေဝသဌာနမှထုတ်ပြန်သော သတင်းအရ အောက်တိုဘာ ၁၁ ရက် မြန်မာစံတော်ချိန် ည ၉ နာရီ ၁၅မိနစ် အချိန်တွင် ကပ္ပလီကျွန်း (Andaman Island)၏ အရှေ့စူးစူး ၅၅မိုင်ခန့်နှင့် ကိုကိုးကျွန်း၏ အရှေ့ တောင်ယွန်းယွန်း မိုင် ၁၁၀ ခန့်အကွာတွင် တည်ရှိသော ဘာရင်ကျွန်း (Barren Island) ၌ မီးတောင်ပေါက်ကွဲခဲ့ပြီး ယင်းမှ ထွက်လာသည့် မီးခိုးပြာတိမ်များ (Volcanic Ash Clouds)ကို မြေပြင်မှ အထက်ပေ ၁၀၀၀၀ ခန့် အမြင့်အထိ တွေ့ရှိရသည်။ အဆိုပါ မီးခိုးပြာ တိမ်တိုက်သည် အနောက်မြောက်အရပ်ဆီသို့ တစ်နာရီလျှင် ၁၅မိုင်နှုန်းဖြင့် ရွေ့လျားလျက်ရှိကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)